# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်  ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ စနေနေ့  အတွဲ (၆၃)၊ အမှတ်(၁၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကြေညာချက်

ကြေညာချက်

(က) ၁။ အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကိုတင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ သတ်မှတ်ချက်များနှင့်အညီ ငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာချက် ထုတ်ပြန်ထားပြီးဖြစ်သဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေပေးသွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြလိုပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

*စာမျက်နှာ ၄ ကော်လံ ၁* ❖

ယနေ့ *မာ တိ ကာ*

### ဘာရှိန်းနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဆိုင်ရာ ဆောင်ရွက်ချက်များအား လေ့လာခြင်း

ဆောင်းပါး စာ ၁၀

### နိုင်ငံတကာဈေးကွက်ဝင် နှစ်ရှည်ထောပတ်သီးနှံများ တိုးမြှင့်စိုက်ပျိုး




သေးငယ်လတ်စီးပွားရေးလုပ်ငန်း စာ ၁၂

### ယူ -၁၇ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အင်ဒိုနီးရှားနိုင်ငံ၌ လုံခြုံရေးများ တင်းကျပ်



နိုင်ငံတကာသတင်း စာ ၁၃

## သဘာဝစိမ့်စမ်းရေတံခွန်များဖြင့် အေးချမ်းသာယာလျက်ရှိသော ကျိုင်းလပ်မြို့ရှိ ရွှေတြိဂံကရုဏာဘေးမဲ့တောသို့ အများပြည်သူများ အခမဲ့လာရောက်လည်ပတ်အပန်းဖြေနိုင်



ကျိုင်းတုံ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ကျကကျေးရွာအနီး၌ ဖွင့်လှစ်ထားသော ရွှေတြိဂံကရုဏာဘေးမဲ့တောတွင် သဘာဝစိမ့်စမ်းရေတံခွန်ငါးခုနှင့် စေတီတစ်ဆူ တည်ထားကာ စိမ့်စမ်းရေများဖြင့် စိမ်းလန်းစိုပြည်အေးချမ်းသာယာလျက်ရှိပြီး အများပြည်သူများ အခမဲ့ လာရောက်လည်ပတ်လေ့လာ အပန်းဖြေနိုင်ကြောင်း သိရသည်။

ရွှေတြိဂံကရုဏာဘေးမဲ့တော၌ နွားကောင်ရေ ၁၄၉ ကောင်၊ ကျွဲ ၉၄ ကောင်၊ ဆိတ် ၉၃ ကောင်နှင့် ခွေး၊ ဘဲငန်း၊ ယုံ၊ ကြောင်၊ ကြက်၊ မျောက်၊ ငှက်မျိုးစုံ စသည့် ဘေးမဲ့တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် အပြင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်စေရန်နှင့် သဘာဝတောတောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေတြိဂံကရုဏာဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးခင်မောင်ရွှေထံမှ သိရသည်။

ရွှေတြိဂံကရုဏာ ဘေးမဲ့တောကို ဒေသအတွင်း တိရစ္ဆာန်

*စာမျက်နှာ ၄ ကော်လံ ၃* ❋

# လှူကထိန် ခင်းသည့်ချိန်ခါ

မိုးလတို့ကုန်ဆုံး၍ ခြေခင်းလက်ခင်းသာသည့် ဤရာသီတွင် နိုင်ငံတစ်ဝန်း၌ ကထိန်ပွဲကို ခင်းကျင်းကြသည်။ အတိအကျအားဖြင့်ဆိုလျှင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိသည် ကထိန်ပွဲရာသီဖြစ်ပြီး ချိန်ခါရာသီမရွေး ကျင်းပချင်တိုင်း ကျင်းပ၍မရသောပွဲလည်းဖြစ်သည်။ ကထိန်ပွဲကျင်းပခြင်း၏ မူလအစသည် မြတ်ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် စတင်ခဲ့ခြင်းဖြစ်ပြီး မြတ်စွာဘုရားသက်တော် ၇၂ နှစ်၊ ဝါတော် ၃၇ ဝါ နောက်ပိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကထိန်ကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

ကထိန်ဟူသည် ပါဠိသက်ဝေါဟာရဖြစ်ပြီး မူလပါဠိအားဖြင့် ကထိန၊ အနက်အဓိပ္ပာယ်အားဖြင့် မြဲမြံခိုင်ခံ့ခြင်းဟူ၍ ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိသို့ လာကြသည်တွင် ဝါမဆိုမီ မရောက်နိုင်ကြ၍ လမ်းခရီးရှိ သာကေတမြို့တွင် ဝါကပ်ကြရသည်။ ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံ့သကူဓုတင်၊ တိစီဝရိတ်ဓုတင်တို့ကို ဆောက်တည်ကြကုန်သော ရဟန်းများဖြစ်ကြသည်။ တောကျောင်း၌သာနေခြင်း၊ ဆွမ်းခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း၊ ပံ့သကူသင်္ကန်းကိုသာဆောင်ခြင်း၊ သင်းပိုင်၊ ကိုယ်ဝတ်နှင့် ဒုကုဋ်ဟူသော သုံးထည်သောသင်္ကန်းကိုသာ ဆောင်ခြင်းဟူသော ကိလေသာကို ခါထွက်ကြောင်း ခေါင်းပါးစေသည့် ဓုတင်္ဂအကျင့်ကို ကျင့်သုံးကြသည့်ပုဂ္ဂိုလ်များပင် ဖြစ်သည်။

ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် ဝါကျွတ်သောအခါ သာကေတမှ သာဝတ္ထိသို့ ခြောက်ယူဇနာခရီးကို မိုးရေနှင့်ရွှံ့နွံတို့အကြား ဖြတ်သန်း၍ ရေစိုရွှဲသောသင်္ကန်းတို့ဖြင့် မြတ်စွာဘုရားထံမှောက်သို့ပင်ပန်းစွာရောက်ကြလေရာ ထိုအဖြစ်ကို မြတ်စွာဘုရားမြင်တွေ့ရ၍ ထိုရဟန်းတို့၏ ပင်ပန်းဆင်းရဲမှုကို အကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်သင်္ကန်းကပ်လှူခြင်းကို ခွင့်ပြုသည်မှစ၍ အစဉ်အဆက်ကထိန်ပွဲသဘင်တို့ ဖြစ်ပေါ်လာရသည်။ ကထိန်ခင်းသည့်အခါ ကထိန်ဒါယကာ၊ ဒါယိကာမတို့အဖို့ အကျိုးတရားငါးပါး ရရှိသကဲ့သို့ ကထိန်ခင်းသော ရဟန်း၊ ကထိန်အနုမောဒနာပြုသော ရဟန်းတို့သည်လည်း ကထိန်အာနိသင်ငါးပါးခေါ် အကျိုးတရားငါးပါးတို့ကို ရရှိနိုင်ကြသည်။ ကထိန်ခင်းသောရဟန်းတို့ရရှိနိုင်သည့် ကထိန်အာနိသင်ငါးပါးတို့မှာ မြတ်စွာဘုရားချမှတ်ထားပြီး ရဟန်းသံဃာများလိုက်နာကြရသည့် ဝိနည်းသိက္ခာပုဒ်များနှင့် ဆက်စပ်နေကြသည်။ ၎င်းတို့မှာ (၁)ထင်ရှားရှိသော ရဟန်းတို့အား မပန်ကြားဘဲ မြို့တွင်းရွာတွင်း ဆွမ်းဖိတ်ကြားရာအိမ်သို့ သွားနိုင်ခြင်း၊ (၂) တိစီဝရိတ်အဓိဋ္ဌာန်တင်သောသင်္ကန်းကို မယူဆောင်ဘဲ သွားလာနိုင်ခြင်း၊ (၃) ရသမျှသောသင်္ကန်း၊ အလိုရှိတိုင်းသင်္ကန်းကို အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း၊ (၄)ထမင်းစားကြွပါ စသည်ဖြင့် မအပ်စပ်သောအသုံးအနှုန်းဖြင့် ပင့်ဖိတ်သည်ကို လက်ခံနိုင်ခြင်း၊ တောင်းခံခြင်းဖြင့်ရရှိသည့် ဂဏဘောဇဉ်ကို ခံယူသုံးဆောင်နိုင်ခြင်း၊ (၅) ကထိန်ခင်းသော ကျောင်းတိုက်အတွင်း ကထိန်ခင်းပြီးနောက် တပေါင်းလပြည့်နေ့အတွင်း သံဃာအားလှူသော သင်္ကန်းလျာတို့ကို ထိုကျောင်းတိုက်ရှိ ကထိန်ခင်းအနုမောဒနာပြုသောရဟန်းတို့သာ ရရှိသုံးဆောင်နိုင်ခြင်းတို့ဖြစ်သည်။

ကထိန်ကို လှူဒါန်းကြသော ဒါယကာ၊ ဒါယိကာမတို့သည်လည်း ကထိန်ခင်းသောသံဃာတော်အလား အကျိုးတရားငါးပါးဖြစ်သည့် သွားလေရာဘေးမရှိ၊ မိမိပိုင်ပစ္စည်းကို တစ်ပါးသူ မဖျက်ဆီးနိုင်၊ စားသောက်ဖွယ်ပေါများပြီး အစာကြောင့် ဘေးမဖြစ်နိုင်၊ မေ့လျော့နေသော ပစ္စည်းလည်းမဆုံးပါး၊ ဥစ္စာပစ္စည်းရှာဖွေမှုတွင် အစုလိုက်အပုံလိုက်ရရှိနိုင်၊ ရုပ်ဆင်းအင်္ဂါ တင့်တယ်လှပနိုင်သည့် အကျိုးများရရှိနိုင်ကြသည့်အလျောက် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က သဒ္ဓါထက်သန်စွာဖြင့် ကထိန်လျာမြတ်သင်္ကန်းကို ခေတ်အဆက်ဆက်တွင် လှူဒါန်းဆက်ကပ်ကြပါကြောင်း။ ။

## ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအေဂျင်စီ နိုင်ငံ့စီးပွားမြှင့်တင်ရေးအဖွဲ့ကော်မတီဝင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး



တောင်ကြီး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအေဂျင်စီ နိုင်ငံ့စီးပွားမြှင့်တင်ရေးအဖွဲ့ ကော်မတီဝင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအေဂျင်စီကို နာယကအဖြစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က တာဝန်ယူ၍ အဖွဲ့ဝင် ၂၃ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအတိုင်း ရှမ်းပြည်နယ်တွင် ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ အပါအဝင် MSME လုပ်ငန်းရှင်များ အဓိကလိုအပ်နေသော ချေးငွေအရင်းအနှီးရရှိရေး၊ နည်းပညာများရရှိရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်ပြီး SME လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အဆိုပါတွေ့ဆုံပွဲများမှ လုပ်ငန်းရှင်များ၏ အားနည်းချက်၊ တင်ပြချက်များကို စုစည်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကိုလည်း အစုအဖွဲ့များ၊ အသင်းအဖွဲ့များကို အကျိုးရှိရှိထိရောက်စွာ ရရှိသုံးစွဲရေးအတွက် စိစစ်ကြပ်မတ်၍ ထုတ်ချေးပေးနိုင်ခဲ့သလို ယခုအခါ SME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ၁၅၀ ဘီလီယံကို ထုတ်ချေးပေးနိုင်ရန် စီစဉ်နေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သော ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် မတည်ထောက်ပံ့ငွေများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ငွေကျပ် ၈ ဘီလီယံရရှိခဲ့ပါကြောင်း၊ ယခုလို ရရှိခဲ့သည့် မတည်ထောက်ပံ့ငွေများကို နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ရန်ပုံငွေ များကို ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စီးပွားရေး ကုန်ထုတ်လုပ်ငန်းများနှင့် အခြား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမအသင်းဖြင့် ဆောင်ရွက်မည့် စီးပွားမြှင့်မားရေးလုပ်ငန်းစသည်တို့တွင် အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန်အတွက် ပထမအကြိမ်အဖြစ် ၁၆၄ ဖွဲ့၊ ဒုတိယအကြိမ်အဖြစ် ၃၂ ဖွဲ့၊ တတိယအကြိမ်အဖြစ် ၁၀ ဖွဲ့နှင့် စတုတ္ထအကြိမ်အဖြစ် ၂၁ ဖွဲ့ စုစုပေါင်းအစုအဖွဲ့ ၂၂၇ ဖွဲ့အား ၈၈၆၆ ဒသမ ၁၇ သန်း ထုတ်ချေးနိုင်ခဲ့ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**

## တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း အရာရှိ၊ စစ်သည်၊ ရဲမေများ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၁၀

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး (၇၆) နှစ်မြောက် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) တပ်မတော် ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း အရာရှိ၊ စစ်သည်၊ ရဲမေ ၇၆ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်း၌ (တတိယ)အကြိမ်မြောက် ဒါနဥပပါရမီ ဇီဝတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၁) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ(မူကြမ်း) များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ(မူကြမ်း)များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးခင်မောင်ဦး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ(မူကြမ်း) များကို အပြီးသတ် စိစစ်လေ့လာ ဆွေးနွေးကြပြီး လွှတ်တော် ၃ ရပ်ဆိုင်ရာရွေးကောက်ပွဲဥပဒေများတွင်လက်ရှိအခြေအနေများနှင့်လိုက်လျောညီထွေမှုရှိစေရေးအတွက် ဖြည့်စွက်ရန်လိုအပ်သည့် အချက်များ တွေ့ရသဖြင့် ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ(မူကြမ်း)များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

# ရောဝတီတိုင်းဒေသကြီး၌ အခြေအနေပေးသည့်ဒေသတွင် ကော်ဖီတိုးချဲ့ထုတ်လုပ်နိုင်ရေးအားပေးကူညီ

**နေပြည်တော် နိုဝင်ဘာ ၁၀** သဘာဝပေါက်ပင်များ မျိုးစုံတည်ရှိပြီး သီးနှံအမျိုးမျိုးစိုက်ပျိုးဖြစ်ထွန်းသည့် ရောဝတီတိုင်းဒေသကြီး၌ အခြေအနေပေးသည့် ဒေသတွင် ကော်ဖီတိုးချဲ့ထုတ်လုပ်သင့်ကြောင်း၊ ဂေဟစနစ်ခရီးသွားလုပ်ငန်းအပြင် ကော်ဖီခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးလာရန်



အလားအလာကောင်းများ ရှိနေကြောင်း နိုဝင်ဘာ ၈ ရက်က ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ မယ်ဇလီသစ်တောကြိုးဝိုင်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် MAGT ကုမ္ပဏီလီမိတက်၏ ကော်ဖီဧက ၃၀၀ စိုက်ခင်းအား ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ငပုတောမြို့နယ် ငကွကျေးရွာအုပ်စု ကွင်းအမှတ် ၆၂၇(ပြင်)၊ တောင်နှာမောင်း(ပြင်) ကွင်းရှိ ပုဂ္ဂလိကရော်ဘာခြံ၏ ရော်ဘာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျုံပျော်မြို့နယ် ကျီးအိုင်ကျေးရွာတွင် နိုင်ငံစီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ပီလောပီနံ စံပြစိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး ပီလောပီနံမှ ပီလောပီနံအမှုန့်၊ သာကူ စသည့် ကုန်ချော ထုတ်လုပ်ခြင်းတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ ပီလောပီနံ စိုက်ပျိုးရာတွင် ပေါင်းတင်ခြင်း၊ ရေသွင်း၊ ရေထုတ်ခြင်းနှင့် ကြားပေါင်းလိုက်ခြင်းတို့အတွက် လိုအပ်သည့် အသေးစား စက်ကိရိယာများ ပုံစံထုတ် ထုတ်လုပ်အသုံးပြုနိုင်ရေးတို့အတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အလားတူ ဓနုဖြူမြို့နယ် ဖုန်းဆိုးတောင် ကျေးရွာအုပ်စု ယင်းကတစ်ကျေးရွာ ယိုးဒယားအုန်းချိုမွေး ဧက ၁၈၀ စိုက်ကွင်း၏ ဖြစ်ထွန်း အောင်မြင်နေမှုနှင့် ပန်းတနော်မြို့နယ် ဥတိုကျေးရွာရှိ ထူးထက်ဟန်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် အသားတိုးဝက် မွေးမြူရေးလုပ်ငန်းကို ကြည့်ရှု စစ်ဆေးအားပေးပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် သက်ဆိုင်သူများအားလုံး ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ တက္ကသိုလ်/ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

**တက္ကသိုလ်/ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တက္ကသိုလ်/ ကောလိပ်များမှ သင်ကြားရေး ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်စေရေး၊ အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော ဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာပြီး စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရေး၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရေးနှင့် အခြေခံကာကွယ်ရေးပညာကို နားလည်သဘောပေါက်စေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ တက္ကသိုလ်များ၏ ရည်မှန်းချက်များ ပေါက်မြောက်အောင် သင်ကြားပေးကြရမည် ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးအာမခံနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပျိုးထောင်ကြရန်နှင့် ကျောင်းသားလူငယ်များကို ဘက်စုံစဉ်းစားတွေးခေါ်တတ်စေပြီး တီထွင်ဖန်တီးနိုင်မှု၊ ပညာအရည်အချင်း၊ ဗဟုသုတတို့ ပြည့်ဝစေရေး၊ စာတွေ့၊ လက်တွေ့အပြင် မြေပြင်





အတွေ့အကြုံများကိုပါ ပေါင်းစပ်သင်ကြားပေးကြရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ပြီး ပါတီနိုင်ငံရေး ကင်းရှင်းအောင် ပြုမူနေထိုင်သွားကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၉၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး BED (စာပေးစာယူ) သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများ သင်ယူလေ့လာနေမှုကို လှည့်လည်ကြည့်ရှုကာ ကျောင်းစာကြည့်တိုက် အဆင့်မြှင့်တင်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ




**နေပြည်တော် နိုဝင်ဘာ ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်သုံး စီမံကိန်းများတွင် ရုရှားကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်း၌ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမတွင် လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များ၊ ရေနံချက်စက်ရုံများနှင့် ဓာတ်မြေသြဇာစက်ရုံများအား အဆင့်မြှင့်တင် မွမ်းမံပြုပြင်ရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့မွန်းတည့် ၁၂ နာရီ တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md. Monwar Hossain ကို လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုတိုးတက်စေရန်အတွက် ဘင်္ဂလားဒေ့ရှ် တာကာ/မြန်မာကျပ်တို့နှင့် ကုန်သွယ်မှုတွင် တိုက်ရိုက် ငွေပေးချေရေးအား ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ခြင်းကိစ္စရပ်အပါအဝင် နှစ်နိုင်ငံဘဏ်များကြား လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန-ဆက်သွယ်ရန်ဖုန်း ;
၀၆၇-၃၄၃၀၈၇၅၄၊ ၀၁-၅၄၃၅၁၁ လိုင်းခွဲ ၄၆၁၊ ၄၆၂

(ခ) ကုန်သွယ်ရေးဦးစီးဌာန -ဆက်သွယ်ရန်ဖုန်း;
၀၆၇-၃၄၀၈၂၅၈၊ ၀၆၇-၃၄၀၈၂၈၁

(ခ) ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်ရငွေအား သတ်မှတ်ကာလအတွင်း မိမိ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက် ထည့်သွင်းရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မိုး/ဇလ

⁜ *ရှေ့ဖုံးမှ*

များနှင့် သဘာဝတောတောင် သစ်ပင်များ ဘေးကင်းလုံခြုံစွာ ရှင်သန်နိုင်စေရေးနှင့် ထိန်းသိမ်း စောင့်ရှောက်နိုင်စေရေးအတွက် ဒေသခံ ဦးအားဖာနှင့် ဇနီး ဒေါ်နန်းခမ်းလီတို့က စတင်တည်ထောင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် မိုင်းဖုန်းဆရာတော်ဘုရားနှင့် ထိုင်ဝမ်ဆရာတော်တို့က ဦးဆောင် ဖွင့်လှစ်ခဲ့ကြောင်း၊ ဧက ၃၈၀ ကျယ်ဝန်း၍ တိရစ္ဆာန်မျိုးစုံ ဘေးမဲ့ထားရှိကြောင်း သိရသည်။

အဆိုပါဘေးမဲ့တောသို့ ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖ ဝန်ထမ်းများ ... ရပ်နီး၊ ရပ်ဝေး စေတနာ အလှူရှင်များ စုပေါင်း၍ ဇီဝိတဒါန ဘေးမဲ့လှူဒါန်းခြင်းအဖြစ် ဒေသန္တားလေးကောင်၊ နွားခြံတည်ဆောက်ရန်အတွက် သွပ်ပြား အချပ် ၄၀၀ နှင့် လိုအပ်သည်များကို နိုဝင်ဘာ ၄ ရက်က သွားရောက်လှူဒါန်းပေးကြကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# တောင်ကုတ်မြို့နယ် ပေါင်ပျိုးစံပြစိုက်ခင်း၌ စံကွက်ရိတ်သိမ်းပွဲကျင်းပ

**တောင်ကုတ် နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ မြို့နယ် စိုက်ကြပ်အဖွဲ့မှ ခူးကျေးရွာအုပ်စု သက္ကယ်ပြင်ကျေးရွာ Raised Bed (ပေါင်ပျိုး) စံပြစိုက်ခင်း ဧက ၂၀ အနက် ကွင်းအမှတ် (၁၁၀) တောင်သူ ဦးညီကေး၏ လယ်မြေ၌ ဆင်းသွယ်လတ်စပါးမျိုး သုံးဧကတွင် ၀ ဒသမ ၁၀ ဧကအား မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ယနေ့ နံနက် ၉ နာရီက ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ တစ်ဧက ပျမ်းမျှ အစိုထွက်နှုန်း ၁၃၀ ဒသမ ၂၅ တင်းထွက်ရှိပြီး အခြောက်ထွက်နှုန်း ၁၁၉ ဒသမ ၀၅ တင်း ထွက်ရှိကြောင်း သိရသည်။



ဆက်လက်ပြီး အသိပညာပေး အခမ်းအနား ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေတောင်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် အတွက် တောင်သူများ သီးထပ်သီးညှပ် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာနိုင်စေရန် မှာကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသိန်းက မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ် နှိမ်နင်းခြင်း၊ သဘာဝမြေသြဇာ (EN ဘိုကာရှီ) ပြုလုပ်သုံးစွဲခြင်းနှင့် အလေအလွင့်နည်းအောင် မောင်ညိုချိန်တွင် ရိတ်သိမ်းခြင်း နည်းပညာများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်များထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လို

နေပြည်တော် နိုဝင်ဘာ ၁၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။**



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စီမံကိန်းလျာထားချက်များကို ပြည့်မီပြီး တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဖြစ်အောင် အမြဲစစ်ဆေးကြပ်မတ်ပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆောင်းသီးနှံနှင့် နွေသီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် ရည်မှန်းချက်ပန်းတိုင် ထွက်ရှိရေးကို ထိထိရောက်ရောက် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်အထွက်နှုန်းများ တိုးတက်ရေးအတွက် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများအပြည့်အဝရရှိရေး၊ ရေရရှိရေးနှင့် နည်းပညာများရရှိရေးကို ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာစိုက်ပျိုးနည်းမှ စနစ်တကျ လယ်ယာမြေများ ဖော်ထုတ်ပြီး ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကို အခြေခံသည့် MSME လုပ်ငန်းများ အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် စက်ရုံအလုပ်ရုံများတွင် ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ကုန်ထုတ်စွမ်းအားများ တိုးတက်ရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံစီမံကိန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မွေးမြူရေးလုပ်ငန်းများ အခြေအနေ၊ ခရိုင်/မြို့နယ်များအလိုက် ဆောင်းဆီထွက်သီးနှံ စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ဆောင်းဆီထွက်သီးနှံ စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘိုကလေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေး

**ဘိုကလေး နိုဝင်ဘာ ၁၀**

ဘိုကလေးမြို့နယ် အတွင်းရှိ စည်ပင်သာယာရေး အဖွဲ့ပိုင် ဈေးများတွင် မီးဘေးအန္တရာယ်ကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရေး၊ ဈေးအတွင်းရှိ ကုန်စည်များ မီးဘေးအန္တရာယ် ကျရောက်မှုမရှိစေရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းကို မြို့မဈေးနှင့် အောင်သပြေဈေးအတွင်း၌ နိုဝင်ဘာ ၈ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဝင်း ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဇေယျာထွန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးထွန်းအောင်၊ မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ဦးစီးဌာနမှ ဦးသန်းမင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးဘေးလုံခြုံရေး အဖွဲ့များနှင့် ဈေးများအတွင်း မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ကိရိယာများ အသင့်ထားရှိမှု ရှိ/မရှိ၊ လျှပ်စစ်ဝိုင်ယာကြိုးများ ကြွခိုင်မှု စနစ်တကျ ရှိ/မရှိတို့ကို ဈေးဆိုင်များသို့ လိုက်လံစစ်ဆေးခဲ့ကြသည်။ မြို့မဈေးနှင့် အောင်သပြေဈေးအတွင်း မီးသတ်ဆေးဘူးများအပြင် သဲပုံးရေပုံးနှင့် မီးချိတ်မီးကပ်များကိုလည်း အဆင်သင့်အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သာပေါင်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**သာပေါင်း နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သာပေါင်း) သော်ကဆောင်ခန်းမ၌ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွှဲလွှဲဝင်းက ဗလငါးတန် (ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ)နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် လူအများကြား ဆွေးနွေးပြောဆိုတတ်သည့် အလေ့အကျင့်များဖြစ်လာစေရန်၊ အသိပညာ၊ ဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးတတ်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန်၊ အစုအဖွဲ့ဖြင့် ပြောဆိုဆောင်ရွက်မှုများရှိလာစေရန်၊ နှုတ်မှုရေးရာ စွမ်းဆောင်ရည်မြင့်မားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်း ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်“လူငယ်နှင့်စာပေ” ခေါင်းစဉ်ဖြင့် ကျောင်းသား မောင်အောင်ဘိုကောင်းသန့်(Grade–9) က စတင်ဆွေးနွေးပြောကြားပြီး “လူငယ်နှင့်ကိုယ်ကျင့်တရား” ခေါင်းစဉ်ဖြင့် ကျောင်းသူ မခင်ရတနာပြည့် (Grade–11)၊ “လူငယ်နှင့်မူးယစ်ဆေး” ခေါင်းစဉ်ဖြင့် ကျောင်းသား မောင်မင်းကိုကို(Grade–11)၊ “လူငယ်နှင့်အချိန်”ခေါင်းစဉ်ဖြင့် ကျောင်းသူ နော်ထီးခူဖော(Grade–11)၊ “လူငယ်နှင့်စည်းကမ်း” ခေါင်းစဉ်ဖြင့် မောင်မြတ်မင်းခန့်(Grade–11)တို့က ဆွေးနွေးပြောကြားကြရာ လူငယ်စကားဝိုင်းသို့ တတ်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်၊ စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **မျိုးဇော်သိန်း (ပြန်/ဆက်)**



## မြန်မာနိုင်ငံ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၃ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံ Zhejiang ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Chinese Textile & Garment Association in Myanmar တို့ပူးပေါင်း၍ တရုတ်– မြန်မာနှစ်နိုင်ငံ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ၂၀၂၃ ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ Yangon Covention Center ၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် Made in Myanmar ထုတ်ကုန်များဖြစ်သည့် အဝတ်အထည်၊ ဖိနပ်နှင့်အိတ်များကို ပြသသွားမည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံမှ အမှတ်တံဆိပ် ၂၅ ခုနှင့် အထည်အလိပ်နှင့်အဝတ်အထည်၊ ဖိနပ်နှင့် အိတ်ထုတ်လုပ်သူ ၁၀၀ ကျော်တို့က ၎င်းတို့၏ထုတ်ကုန်များကို ပါဝင်ပြသမည်ဖြစ်သည်။ ပြည်တွင်း SME လုပ်ငန်းများက အရောင်းမြှင့်တင်ခြင်း ထုတ်ကုန်များ မိတ်ဆက်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။

အာဆီယံနိုင်ငံများမှ အထည်ချုပ်လုပ်ငန်းရှင်ကိုယ်စားလှယ်များက အာဆီယံနိုင်ငံများ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍတို့၏ အလားအလာများကို Panel Discussion များဖြင့် ရှင်းလင်းပြောကြားမည်ဖြစ်သည်။ ပြပွဲသို့လာရောက်လေ့လာသူများသည် သက်ဆိုင်ရာပြခန်းများမှ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်ဖြစ်သည်။

ပြပွဲတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်အသင်းများ ဖြစ်သည့် ကိုရီးယား (KOGAM)၊ ဂျပန် (JGMA)၊ ဟောင်ကောင် (HKMMA) တို့မှ အသင်းဝင်စက်ရုံများ၏ Pavilion များကို ခင်းကျင်းပြသထားမည်ဖြစ်သည်။

ပြပွဲနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၁၀ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က “နိုင်ငံတိုင်းမှာ အဝတ်အထည်နဲ့ပတ်သက်ပြီး အရောင်အသွေး ဖက်ရှင်ဒီဇိုင်း အကြိုက်ချင်းကွဲပြားကြတယ်။ အားလုံးက အရည်အသွေးကောင်းပြီး ဆန်းသစ်တာကို ကြိုက်ကြတယ်။ မြန်မာ့ထုတ်ကုန်တွေကို ဈေးကွက်မြှင့်တင်မှာဖြစ်လို့ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်တို့က လုပ်ငန်းရှင်များနဲ့အတူ လက်တွဲပြီး မတူကွဲပြားတဲ့ ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ပြသသွားမှာဖြစ်ပါတယ်။ မြန်မာ့ထုတ်ကုန်တွေရဲ့အရည်အသွေး မြင့်မားမှုကို မြင်တွေ့ရပြီး ဂုဏ်ယူရမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

**မျိုးမင်းသူရ**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ ကောလာဟလ သတင်းတု၊ သတင်းအမှားများ ထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) တိုက်ပွဲဖြစ်ပွားမှုအခြေအနေကတော့ ကွမ်လုံမြို့မှာ တိုက်ပွဲဆက်လက်ဖြစ်ပွားလျက်ရှိပါတယ်။ ကွမ်လုံမြို့ တချို့နေရာတွေမှာတော့ MNDAA သောင်းကျန်းသူတွေရောက်ရှိနေတာ တွေ့ရတယ်။ ဒီကွမ်လုံဗျူဟာနဲ့ ကွပ်ကဲမှုအောက်တပ်တွေအနေနဲ့ကတော့ ရက်သတ္တတစ်ပတ်ခန့်ရှိပြီး ရန်သူကို ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်နေတာမျိုး ဖြစ်ပါတယ်။ ပြီးရင်တော့ TNLA ဝင်ရောက်သွားတဲ့ သိန္နီမြို့အခြေအနေမှာတော့ သိန္နီမှာရှိတဲ့ တပ်တွေအနေနဲ့ ပြန်လည်လွှမ်းမိုးမှုရရှိပြီးဖြစ်ပါတယ်။ ပြီးရင် လားရှိုးမြို့ အနီးတစ်ဝိုက် ကွတ်ခိုင်တစ်ဝိုက်မှာရှိတဲ့ သောင်းကျန်းသူ ပူးပေါင်းအဖွဲ့တွေကိုတော့ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်တယ်။ ထို့အတူ မုန်းကိုးတို့ ချင်းရွှေဟော်တို့ လက်လွှတ်ခဲ့ရတဲ့ နေရာလေးတွေရှိတယ်။ ဒီလက်လွှတ်ခဲ့ရတဲ့နေရာတွေမှာလည်း ပြန်လည်ပြီးတော့ လုံခြုံမှုတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့တစ်ဆက်တည်းမှာပဲ စစ်ကိုင်းတိုင်းဘက်မှာတော့ ကောလင်းမြို့ထဲကို ဝင်ရောက်သွားတာ ရှိတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ PDF နဲ့ KIA တို့ပူးပေါင်းပြီး KIA က စစ်ကိုင်းတိုင်းထဲမှာလာပြီး တိုက်ကွက်ဖော်နေတာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ထီးချိုင့်မှာ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ပျံ့နှံ့နေတဲ့ ကောလာဟလ ရန်သူရဲ့ ဝါဒဖြန့်ချိချက်ပေါ့။ ဒါနဲ့ပတ်သက်ပြီးတော့ နယ်မြေတစ်ခုလုံးကို သိမ်းနိုင်တဲ့ပုံစံ။ အကုန်လုံးမှာ ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ ပုံစံမျိုးတွေ လုပ်နေတာရှိပါတယ်။ ဒီကောလာဟလတွေ၊ ဝါဒဖြန့်ခြိမ်းခြောက်မှုတွေကို ပြည်သူလူထုတွေအနေနဲ့ သတိရှိဖို့လိုတယ်လို့ပဲ ကျွန်တော် ပြောကြားချင်ပါတယ်။ ဒီအရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ချင်းရွှေဟော်၊ မုန်းကိုးတို့လို နေရာမျိုးတွေပြီးရင် ကြားထဲကနေရာပေ့ါ။ ဒီနေရာလေးတွေက မြန်မာပြည်ရဲ့ ကိုးကန့်ဒေသပေ့ါ။ မြန်မာပြည်တောင်မဟုတ်ဘူး ကိုးကန့်ဒေသရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပဲ ရှိသေးတယ်။ ဒီမှာလည်း ကျွန်တော်တို့အနေနဲ့ လုံခြုံမှုပြန်လည်ရရှိရေး အမြန်ဆောင်ရွက်လျက်ရှိတယ်။ ပြီးရင် စစ်ကိုင်းတိုင်းဘက်မှာဖြစ်နေတဲ့ ထီးချိုင့်တို့၊ ကသာတို့၊ ကောလင်းတို့ နေရာမျိုးပေ့ါ။ ဒီဟာတွေလည်း ကျွန်တော်တို့က ဖြစ်ပွားနေတဲ့ စစ်ကိုင်းတိုင်းရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပဲ ရှိပါသေးတယ်။ ဒါတွေကို ကျယ်ပြန့်နေတဲ့ ပုံစံပေ့ါနော်။ ဒါကို ဝါဒဖြန့်ချိပြီးတော့ကျ အကြောက်တရား စိုးရိမ်မှုအပေါ်မှာ မူတည်ပြီးတော့ကျ ဝါဒဖြန့်ချိတာမျိုးပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ မြန်မာ့တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး အတွက် လုပ်ဆောင်နေပါတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ဒီကောလာဟလတွေ၊ ဝါဒဖြန့်ခြိမ်းခြောက်မှုတွေနဲ့ပတ်သက်လာပြီး နားမယောင်ဖို့၊ မကြောက်ရွံ့ဖို့၊ ပြီးရင်ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ ထို့အတူ ရှေ့တန်းစစ်မျက်နှာအသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေး တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သား/ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်မိသားစုဝင်အားလုံးကို နိုင်ငံတော်အကြီးအကဲ တပ်မတော်အကြီးအကဲများအနေနဲ့ အမြဲအထူးဂရုပြုလျက်ရှိပါတယ်။ အမြဲတမ်းအားပေးလျက်ရှိပါတယ်။ ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်မှုတွေကိုလည်း အမြဲတမ်းအသိအမှတ်ပြုလျက်ရှိတယ်။ မကြာခင်မှာလည်း တည်ငြိမ်တဲ့အခြေအနေ၊ လုံခြုံမှုရှိတဲ့အခြေအနေတွေကို ပြန်လည်တည်ဆောက်သွားမယ်ဆိုတာ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမှတ်(၁)တပ်မတော် စစ်ဆေးရုံ ခုတင် (၁၀၀၀) မင်္ဂလာဒုံမှ နယ်လှည့်အထူးကုဆေးအဖွဲ့ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ခုတင် (၁၀၀၀) မင်္ဂလာဒုံမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ ရောက်ရှိကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်နေပြည်သူများက လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြိုဆိုကြသည်။



အဆိုပါ ဆေးကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းမှစ၍ ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက် ဓမ္မပီတိကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတွင် အခြေပြု၍ မြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်မှ ဒေသခံပြည်သူ ၂၇၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်ပေးရာ သွေးတိုးရောဂါ ၆၅ ဦး၊ ဆီးချိုရောဂါ ၆၄ ဦး၊ နှလုံးရောဂါ ၄၈ ဦး၊ အသက်ရှူလမ်းကြောင်း အပေါ်ပိုင်းရောဂါ ၃၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ၂၀၊ မျက်စိရောဂါ ၃၇ ဦး၊ နား နှာခေါင်း လည်ချောင်းရောဂါ နှစ်ဦး၊ သွားရောဂါ ရှစ်ဦး၊ ကလေးရောဂါ လေးဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည့်အပြင် လိုအပ်ပါက အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးပေးခဲ့သည်။

ဆေးကုသရေး အဖွဲ့အား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် လူမှုရေး ပရဟိတအဖွဲ့များက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေယံ (ပြန်/ဆက်)

## တပ်ကုန်းမြို့နယ် ကျေးချောင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(MRTV)၌ လူငယ်စကားဝိုင်းအခမ်းအနားကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ပိုမိုဖွံ့ဖြိုးရေးအတွက် ကျေးချောင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (MRTV) လူငယ်စကားဝိုင်းအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျောင်းစာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပခဲ့ရာ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကျေးချောင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (MRTV) မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်စိတ်ပညာ၊ လူငယ်နှင့် နည်းပညာခေတ်ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီးနောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အဆိုပါပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုကြောင်း သိရသည်။

တင်စိုးလွင်



## ဘီးလင်းမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ ကျေးရွာသုံးရွာတွင် စတင်ဆောင်ရွက်

**ဘီးလင်း နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတော်မှထောက်ပံ့ငွေ တစ်ရွာလျှင်ကျပ်သိန်း ၁၅၀ စီဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာခြောက်ရွာအနက် ကျေးရွာသုံးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း နှစ်လမ်းနှင့် ရွာတွင်းဂဝံလမ်းခင်းခြင်း တစ်လမ်းတို့ကို နိုဝင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ကျေးရွာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာလူထုကိုယ်တိုင် ၎င်းတို့ကျေးရွာ၏ ပကတိအခြေအနေများကို ဖော်ထုတ်ပြီး ဦးစားပေး အစဉ်အလိုက်စီမံချက်များကို စနစ်တကျ ရေးဆွဲတတ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကျန်းမာခြင်းနှင့်ပြည့်စုံမှ တန်ဖိုးရှိသောလူငယ်ဘဝဖိုရမ်သို့ တက်ရောက်

စစ်တွေ နိုဝင်ဘာ ၁၀

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပသော ကျန်းမာခြင်းနှင့်ပြည့်စုံမှ တန်ဖိုးရှိသောလူငယ်ဘဝဖိုရမ် (Youth and Health Forum 2023) ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ NGO ၊ INGO များမှ ကိုယ်စားလှယ်များ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



ဦးစွာ ကျန်းမာခြင်းနှင့်ပြည့်စုံမှ တန်ဖိုးရှိသောလူငယ်ဘဝဖိုရမ် မှန်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် လူငယ်ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဟောပြောဆွေးနွေးပွဲကို ခန်းမအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အဓိကအရေးအကြီးဆုံးအချက်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း၊ သဘာဝ သယံဇာတများ၊ လူ့စွမ်းအား အရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်လျှင် ထိုနိုင်ငံသည် မတိုးတက်နိုင်ပါကြောင်း၊ လူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏ တာဝန်များကို လက်လွှဲယူပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားကြမည့် အနာဂတ် ခေါင်းဆောင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုတော်လာ ပိုထက်မြက်လာကြပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခု ဖိုရမ်တွင် ဆွေးနွေးပြောကြားကြမည့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ၊ သတင်းစကားများ၊ ခင်းကျင်းပြသထားသော ကျန်းမာရေးဆိုင်ရာ အချက်အလက်များက တစ်ဆင့် လူငယ်လူရွယ်များ၏ ဘဝအတွက် အကျိုးရှိမည့်၊ ပတ်ဝန်းကျင်အတွက် အကျိုးပြုနိုင်သော သတင်းစကားများကို သိရှိဖြန့်ဝေနိုင်ရန်လည်း ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ Dason Private School မှ ဆရာ ဆရာမများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကာ ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ ရခိုင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လူငယ်ရေးရာ ကော်မတီဝင်များ၊ တိုင်းရင်းသား လူငယ်များ၊ အကအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခိုင်သဇင်ပန်းခြံအတွင်း ခင်းကျင်းပြသထားသော ကျန်းမာရေး အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကျန်းမာခြင်းနှင့် ပြည့်စုံမှ တန်ဖိုးရှိသော လူငယ်ဘဝ (Youth and Health Forum 2023) ဟောပြောဆွေးနွေးပွဲတွင် တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေခြင်း၊ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်များက စိတ်ကျန်းမာရေး၊ မူးယစ်ဆေးအန္တရာယ်နှင့် ပတ်သက်၍ ဟောပြောခြင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ယာဉ် အန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟောပြောခြင်း၊ ကျန်းမာရေး စေတနာ့ဝန်ထမ်းများက ဆွေးနွေးဟောပြောခြင်း၊ အစားအသောက်နှင့်အလှကုန်များ၏ ဘေးအန္တရာယ်အကြောင်း ပညာပေးဟောပြောခြင်းနှင့် HIV / AIDS နှင့်ပတ်သက်၍ ပဟေဠိများ မေးမြန်းခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧည့်ဝတီအားကစားကွင်း၌ ကျင်းပသော ပြည်နယ်ဝန်ကြီးချုပ် ဖလား ပြည်နယ်အဆင့် ဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ ဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီး စစ်ကြောင်းမှူးက ဦးဆောင်ကာ ပြည်နယ် ဝန်ကြီးချုပ်အား အလေးပြုကြသည်။

အဆိုပါ ပြည်နယ်ဝန်ကြီးချုပ် ဖလား ပြည်နယ်အဆင့်ဌာန ပေါင်းစုံဖူဆယ် (အမျိုးသား)ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဟင်္သာတနှင့် လေးမျက်နှာမြို့နယ်များအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေပေးအပ်ပွဲနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသူများကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ထူးချွန်ဆုရသင်တန်းသူများကို အပ်ချုပ်စက်၊ ဘီတင်စက်အပါအဝင် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ခတ္တူ-ခုံကြီး-ခြောက်ဆယ်-ရိုးကြီးလမ်းပေါ်ရှိ ခုံကြီးကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးပါက လေးမျက်နှာ ပန်းတောကြီးလမ်းမှတစ်ဆင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော သမိုင်းဝင် စတုမုခထူပါရုံစေတီတော်ကြီး၏ ငဝန်မြစ်ကမ်းထိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ခတ္တူ - ထူပါရုံလမ်း အရှည်တစ်မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ ပေးအပ်ပွဲနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် မော်တော်ဆိုင်ကယ်ပြင်သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသားများကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ပန်းတောကြီးဒေသ၌ ဝါးအခြေခံလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး မှာကြားကာ စီမံကိန်းရန်ပုံငွေနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်နေသော စောပြာ - လှော်ကထားလမ်းပေါ်ရှိ စိန်တောင်ကျေးရွာ သံကူကွန်ကရစ်တံတားလုပ်ငန်းနှင့် လှော်ကထားတိုက်နယ်ဆေးရုံကို သွားရောက်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့နယ် လက်သမား(ကရင်)ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေပေးအပ်ပွဲသို့ တက်ရောက်ကာ လက်သမား(ကရင်) ကျေးရွာနှင့် ကုန်းကြီးကျေးရွာ နှစ်ရွာတို့အတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ စီ ထောက်ပံ့ပေးအပ်ပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပိန်းအင်းကျေးရွာအုပ်စု ရုံးတောကျေးရွာသို့သွားရောက်ပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော တောင်သူ ဦးမိုးနိုင်ဦး၏ ပီလောပီနံ စိုက်ကေ ၃၀ ကို ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○*ကျောဖုံးမှ*

နှစ်ပွဲကစားရမည်ဖြစ်ပြီး ယင်းပွဲများအတွက် ကစားသမား ၂၆ ဦး စာရင်းထုတ်ပြန်ခဲ့ရာ ဥရောပအခြေစိုက် ကစားသမား အများအပြား ပါဝင်လာခြင်းဖြစ်သည်။

လက်ရှိ ဥရောပဘောလုံးလောကတွင် ခြေစွမ်းပြနေသည့် ကစားသမားများ ပါဝင်လာပြီး စပိန်ကလပ် ရီးယဲလ်ဆိုစီဒက်အသင်း တောင်ပံတိုက်စစ် ကစားသမား ကူဘို၊ အင်္ဂလန်ကလပ် ဘရိုက်တန်အသင်း တောင်ပံ ကစားသမား မီတိုမာ၊ လီဗာပူးလ် ကွင်းလယ် ကစားသမား အန်ဒို၊ ပြင်သစ်ကလပ် မိုနာကိုအသင်း တိုက်စစ် ကစားသမား မီနာမီနို၊ ဂျာမနီကလပ် ဘိုချမ်အသင်း တိုက်စစ်မှူး အဆာနို၊ အင်္ဂလန်ကလပ် အာဆင်နယ်အသင်း နောက်ခံလူ တိုမီယာဆု စသည့် ကစားသမားများ ပါဝင်လာသည်။

မြန်မာအသင်းနှင့် ဂျပန်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။

ဂျပန်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းကို အိမ်ကွင်း၌ ၁၀ ဂိုးပြတ်၊ အဝေးကွင်း၌ နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ-AFC**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဒိုးအကဗိုလ်လုပွဲစဉ်သို့ တက်ရောက်ချီးမြှင့်အားပေး

ဘားအံ နိုဝင်ဘာ ၁၀

**၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်ခဲ့သည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ သီရိကွင်း၌ နိုဝင်ဘာ ၇ ရက်မှစ၍ မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံလုပွဲများနှင့် အထူးစိန်ခေါ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိရာ ယမန်နေ့တွင် အဆိုပါ မြန်မာ့ရိုးရာ လက်ဝှေ့အောင်လံလုပွဲနှင့် အထူးစိန်ခေါ်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး တက်ရောက်ချီးမြှင့်အားပေးသည်။** (အောက်ပုံ)

ယင်းနောက် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ကြားပွဲစဉ်များအဖြစ် ယမန်နေ့ နံနက် ၁၀ နာရီမှစ၍ ယှဉ်ပြိုင်ခဲ့ကြရာ ကြားပွဲများအဖြစ် အမျိုးသား ၂၄ ပွဲ၊ အမျိုးသမီး တစ်ပွဲတို့အပြင် ရိုးရာလက်ဝှေ့အောင်လံ ဗိုလ်လုပွဲများနှင့် အထူးစိန်ခေါ်ပွဲဖြစ်သော သွေးသစ်ဝင်းလှိုင် (Family ဝမ်ချိုင်း)နှင့် ကျော်စွာဝင်း (M2K –မန္တလေး) တွဲဆိုင်းသည် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေ ရရှိခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လက်ဝှေ့သမားများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိကွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်တန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ နိုဝင်ဘာ ၉ ရက် ညက ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြသော ဒိုးရင်းတိုက်နယ် စုပေါင်းဒိုးအဖွဲ့၊ ဌာနပေါင်းစုံ စုပေါင်းဒိုးအဖွဲ့၊ ဘားအံမြို့တော် စုပေါင်းဒိုးအဖွဲ့၊ ကောပေ့မျိုးဆက်သစ် အားမာန်ဒိုးအဖွဲ့၊ ပိုင်ကျုံမြို့နယ်ကိုယ်စားပြုဒိုးအဖွဲ့၊ ထုံးအိုင်တိုက်နယ်ကိုယ်စားပြု ခြံကလေး ဘုန်းတော်ကြီးသင် ပညာရေးဒိုးအဖွဲ့၊ ဘားကပ်တိုက်နယ် ရသေ့ပျံကျေးရွာ စုပေါင်းဒိုးအဖွဲ့၊ လှိုင်းဘွဲမြို့နယ် ကိုယ်စားပြုဒိုးအဖွဲ့၊ ငြိမ်းချမ်းပန်းခက် BGF ယဉ်ကျေးမှု မောင်မယ်ဒိုးအဖွဲ့၊ ဝတ်ကြီးတိုက်နယ် မုက္ကဒိကျေးရွာ စုပေါင်းဒိုးအဖွဲ့တို့က ယှဉ်ပြိုင်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးကြပြီး ဒိုးအကပြိုင်ပွဲဝင်များအား တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) စိုးထွဋ်အား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) စိုးထွဋ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ် Green Channel စနစ်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန်အတွက် ကုမ္ပဏီများက အကူအညီတောင်းခံခဲ့မှုအပေါ် ၎င်း၏ရာထူးနှင့် လုပ်ပိုင်ခွင့်ကို မလျော်သြဇာအသုံးပြု၍ နိုင်ငံကူးလက်မှတ်များ ခွင့်ပြုပေးရန်ညွှန်ကြားခဲ့ခြင်း၊ တံစိုးလက်ဆောင် လက်ခံရယူခဲ့ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိသည့် ဆောင်ရွက်မှုများအပေါ် ထိန်းသိမ်းကြပ်မတ်ကွပ်ကဲရန် ပျက်ကွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာ ဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ထောင်ဒဏ်(၅)နှစ်ချမှတ်ခဲ့ကြောင်းနှင့် အမှုတွင် ပါဝင်ပတ်သက်ခဲ့သူများကို နယ်ဘက်တရားရုံးတွင်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကို ရဲစည်းကမ်းဖြင့်လည်းကောင်း ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

လူတန်၊ နာမည်ကြီး အာဆင်နယ်က ဘန်လေစတဲ့ အသင်းတွေ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

နိုဝင်ဘာ ၁၁ ရက် **(ယနေ့)** ည ၇ နာရီမှာ ဝုဖ်နဲ့ စပါးအသင်းပွဲစဉ်ကို စတင်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ စပါးအသင်းက အမှတ်ပေးဇယား ဦးဆောင်ခွင့်ရဖို့အတွက် ဝုဖ်အသင်းကို နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာပါ။ ဒါကြောင့် ဝုဖ်အသင်းအနေနဲ့ အမြင့်ဆုံး သရေသာရဖွယ်ရှိတယ်။

ည ၉ နာရီခွဲမှာ ခြေစွမ်းတည်ငြိမ်မှုမရှိတဲ့ မန်ယူနဲ့ ရလဒ်ဆိုးရွားနေတဲ့ လူတန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်ယူ–လူတန်အသင်းနဲ့ အတူ အာဆင်နယ်နဲ့ ဘန်လေ၊ ပဲလေ့စ်နဲ့ အဲဗာတန်အသင်း ပွဲစဉ်တွေကိုလည်း တစ်ချိန်တည်း ယှဉ်ပြိုင် ကစားသွားမှာပါ။

နိုဝင်ဘာ ၁၂ ရက် နံနက်အစောပိုင်းမှာ ဘုန်းမောက်နဲ့ နယူးကာဆယ် အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာပါ။ မန်ယူ၊ အာဆင်နယ် စတဲ့အသင်းကြီးတွေကို နိုင်ပွဲရယူထားတဲ့ နယူးကာဆယ် အသင်းအနေနဲ့ ခံစစ်ဆိုးရွားတဲ့ ဘုန်းမောက်ကို အသာရဖွယ်ရှိတယ်။

နိုဝင်ဘာ ၁၂ ရက် ည ၈ နာရီခွဲမှာ ပုံစံကောင်းရရှိနေတဲ့ လီဗာပူးက ခြေစွမ်းအကောင်းဘက် ဦးတည်နေတဲ့ ဘရန့်ဖို့ဒ်ကို အိမ်ကွင်း အန်းဖီးလ်မှာ ဧည့်ခံယှဉ်ပြိုင် ကစားသွားမှာပါ။ နှစ်သင်းစလုံး ခြေစွမ်းတည်ငြိမ်မှုရှိတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ အပြန်အလှန် သွင်းဂိုးတွေ မြင်တွေ့ရပြီး လီဗာပူး အသာရဖွယ်ရှိတယ်။ လီဗာပူး–ဘရန့်ဖို့ဒ်အသင်းနဲ့အတူ ည ၈ နာရီခွဲမှာ အက်စ်တွန်ဗီလာနဲ့ ဖူလ်ဟမ်၊ ဘရိုက်တန်နဲ့ ရှက်ဖီးလ်၊ ဝက်စ်ဟမ်းနဲ့ နော့တင်ဟမ် အသင်းပွဲစဉ်တွေကို တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသွားမှာပါ။ ည ၁၁ နာရီမှာတော့ နာမည်ကြီး အသင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုဖြစ်တဲ့ ချယ်ဆီးနဲ့ မန်းစီးတီး အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ချယ်ဆီးအသင်းရဲ့ ခြေစွမ်းက ထက်မြက်မှုရှိတယ်ဆိုပေမယ့် မန်စီးတီးကို အသာရဖို့ မလွယ်ဘူး။ ဒါပေမယ့် မန်စီးတီးအသင်း ခြေစွမ်း ကျဆင်းခဲ့ရင် စတန်းဖို့ဒ်ဘရစ်မှာ ချယ်ဆီးအသင်း အောင်ပွဲခံသွားနိုင်တယ်။

**အောင်ဇော်**

◆*ကျောဖုံးမှ*

ဆပ်ပြာမှုန့် အထုပ် ၈၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Sunway Tech ဆိုလာပြား ၁၅၅ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Omega နို့ဘူး ၂၆၄၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် VICO ထမင်းပေါင်းအိုး အလုံး ၉၀ ၊ Picnic Cooler ရေခဲပုံး ၆၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၂၅၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၅၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ ဆီးဒင်ယံကျေးရွာအနီး၌ မြစ်ကြီးနားမြို့မှ ၈ မိုင်ကျေးရွာသို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၇၂၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် DONG FENG Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက်၌ တရားမဝင် ကျွန်းသစ်နှင့် အခြားသစ်မျိုးစုံ ၆၉ ဒသမ ၀၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၁၅၈၄) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၄၁၅၈၄ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းမကြီး တောင်ဒဂုံစက်မှုဇုန်(၁)(၂)အတွင်းရှိ သစ်စက်၊ ခွဲသားအရောင်းဆိုင်များအား ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် အခြားသစ် ၃ ဒသမ ၀၅၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၄၁၀၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၃၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၁၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် စစ်ကွင်းမြို့ တာကလေးကျေးရွာအနီး၌ လိုင်စင်မဲ့ Super Custom မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၀၁၂၀ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၀၆၀၈၀၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## နမ့်စန်မြို့နှင့် လွိုင်လင်မြို့များရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် လွိုင်လင်မြို့များရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်နယ်ခန်းမအသီးသီး၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့်




စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့ပြင် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးရာ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကိုနယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများလာရောက်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ယင်းနောက်




စေတနာရှင်အလှူရှင် ၇၁ ဦးက လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ်သိန်း ၆၆၈၀ အား ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့အက်တမ်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ၂၀၂၃ တွင် ပါဝင်ဆင်နွှဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၁၀ ရက်တွင် ကျရောက်သော World Science Day ကို ဂုဏ်ပြုကာ ကမ္ဘာ့အက်တမ်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ၂၀၂၃ (Global Atomic Quiz 2023)ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" မှ ဦးဆောင်၍ နိုင်ငံများတွင် နှစ်စဉ်ကျင်းပနေကျဖြစ်ပြီး နေ့စဉ်လူနေမှုဘဝတွင် နျူကလီးယားနည်းပညာအသုံးချမှုသည် အရေးပါကြောင်း သိရှိကြစေရန်နှင့် နျူကလီးယားစွမ်းအင်ကဏ္ဍကို မီးမောင်းထိုးပြရန် ဖြစ်သည်။ ယင်းပြိုင်ပွဲကို "ROSATOM" မှ ၂၀၂၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သည့် သုံးနှစ်အတွင်း ဘာသာစကား ၁၁ မျိုးဖြင့် ပြုလုပ်ခဲ့ရပြီး နိုင်ငံပေါင်း ၇၀ ကျော်မှ စိတ်ပါဝင်စားသူ ၃၀၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြပြီးဖြစ်သည်။

ယခုနှစ်တွင် ပါဝင်ဖြေဆိုသူများသည် စိန်ခေါ်မှုအသစ်၊ ဗဟုသုတအသစ်များ ရရှိကြပြီး ဘာသာစကား ၁၃ မျိုးဖြင့် ပြုလုပ်ကာ ပါဝင်ဆင်နွှဲသူအားလုံးသည် ဝက်ဘ်ဆိုက်ပေါ်တွင် မေးခွန်းများစွာကို တတ်နိုင်သမျှ မှန်ကန်မြန်ဆန်စွာ ဖြေဆိုကြရကာ အနိုင်ရရှိသူအယောက် ၁၀၀ ကို ရွေးချယ်၍ ဆုများချီးမြှင့်သည်။ ပြိုင်ပွဲ Moderator များသည် မော်စကိုမှ



ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆောင်ရွက်ကြပြီး ရုရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ဘီလာရုစ်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့၌ တစ်ပြိုင်နက်ကျင်းပရာ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀ နှင့် မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာ/ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၃၀ ဖြေဆိုကြရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ပဟေဠိပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများကို ယနေ့သိရှိလိုက်သော နျူကလီးယား နည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာ ဗဟုသုတအသစ်များကို အခြေခံကာ မိမိတို့ စိတ်ဝင်စားမှုအလိုက် ဆက်လက်လေ့လာကြပြီး သုတေသနစာတမ်း/ ကျမ်းများ ဆက်လက်ပြုစုကြကာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လက်တွေ့ကျကျ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ သူငယ်ချင်းများအား ယနေ့သိရှိမှုများကို ပြန်လည်မျှဝေပေးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ထူးချွန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကားများ ပြောကြားကြပြီး နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာ လေ့လာမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားနည်းပညာအသုံးချမှုဆိုင်ရာ မျှော်မှန်းချက်များကိုပါ တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ သိပ္ပံနှင့် နျူကလီးယားနည်းပညာဘာသာရပ်ကို စိတ်စားသူများလည်း online မှ တစ်ဆင့် ဝင်ရောက်ဖြေဆိုကြသည်။

ယခုပြိုင်ပွဲတွင် အခြားနိုင်ငံများနှင့်အတူ ယှဉ်ပြိုင်ဆင်နွှဲခြင်းဖြင့် နျူကလီးယားရူပဗေဒဆိုင်ရာ အသိပညာအသစ်များကို သိရှိခြင်း၊ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာ နောက်ဆုံးပေါ် တိုးတက်မှုများကို လေ့လာနိုင်ခြင်း၊ အာကာသ/ဆေးပညာ/စိုက်ပျိုးရေးနှင့် အာတိတ်ဒေသစူးစမ်းခြင်းတို့တွင် ခေတ်မီနျူကလီးယားနည်းပညာအသုံးချမှုများကို လေ့လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးများအား ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၁၀ ရက်တွင် CAE(နေပြည်တော်)ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ရာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းနိုင်စိုးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ အောင်မျိုးဝင်း(ပြန်/ဆက်)

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန် ၂ ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၂၃-၂၀၂၄ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ရန်ကုန်ဇုန် ၂ ပြိုင်ပွဲကို ယမန်နေ့က သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ကျင်းပသည်။

ရန်ကုန်ဇုန် ၂ တွင် ပညာရေးဒီဂရီ ကောလိပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းတို့က နိုဝင်ဘာ ၉ ရက်မှစ၍ ၂၃ ရက်အထိ သီဟဒီပအားကစားကွင်း (သန်လျင်)၊ ဒဂုံတောင်အားကစားကွင်း၊ ပဒေသာကစားကွင်းများတွင် ယှဉ်ပြိုင်ကစားပြီး ဗိုလ်လုပွဲကို သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဇုန် ၂ သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ကျင်းပသော အမျိုးသား ဘောလုံးပြိုင်ပွဲတွင် သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်နှင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်တို့ ယှဉ်ပြိုင်ကစားနေမှုကို သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပညာရေးဒီဂရီကျောင်းအုပ်ကြီးများ၊ သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ဘရူနိုင်းနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များအား လေ့လာခြင်း

ခန့်ဇော် (ကျေးလက်)

**ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၂၂၆ မိုင်ကျယ်ဝန်းပြီး အရှေ့တောင်အာရှအတွင်း ဘော်နီယိုကျွန်း၏ မြောက်ဘက်ကမ်းရိုးတန်းတွင် တည်ရှိသည်။ ဘရူနိုင်းသည် ဘော်နီယိုကျွန်းပေါ်တွင် တစ်နိုင်ငံလုံးရှိသော တစ်ခုတည်းသောနိုင်ငံဖြစ်ပြီး ကျန်ရှိသော ကျွန်း၏နယ်မြေများကို မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကပိုင်ဆိုင်သည်။**

နိုင်ငံ၏အဓိကထွက်ကုန် ၉၅ ရာခိုင်နှုန်းမှာ ရေနံ၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တို့ဖြစ်ပြီး နိုင်ငံ၏ အဓိကဝင်ငွေကို ရေနံမှရရှိသည်။ အဓိကပို့ကုန်မှာလည်း ရေနံဖြစ်ပြီး သွင်းကုန်များမှာ စက်ပစ္စည်းနှင့် စားသောက်ကုန်များဖြစ်သည်။ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် GDP ၏ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၆၇၀၀၀ ခန့်မျှထုတ်လုပ်သဖြင့် အရှေ့တောင်အာရှတွင် စတုတ္ထမြောက် အကြီးဆုံးရေနံထုတ်လုပ်သူဖြစ်သည်။ ထို့ပြင် နေ့စဉ် ရေနံဓာတ်ငွေ့ရည် ၂၅ ဒသမ ၃ သန်းကုဗမီတာ ထုတ်လုပ်နိုင်သဖြင့် ကမ္ဘာပေါ်တွင် နဝမမြောက် အများဆုံးထုတ်လုပ်သည့်နိုင်ငံ ဖြစ်သည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် ကမ္ဘာ့စွမ်းအင်ဆိုင်ရာ BP Statistical Review သုံးသပ်ချက်အရ ဘရူနိုင်း၏အရန်ရေနံပမာဏသည် ၂၇ နှစ်အတွင်း ကုန်ခန်းသွားနိုင်ခြေရှိကြောင်းခန့်မှန်းထားသည်။ နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ မဟုတ်သော ပို့ကုန်များ တင်ပို့မှုဈေးကွက်ဝေစုသည် ၂၀၁၉ ခုနှစ်တွင် ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၈ ဒသမ ၆ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးလာခဲ့သည်ကိုတွေ့ရသော်လည်း လက်ရှိအချိန်ထိမူ ဘရူနိုင်း၏ ဝင်ငွေများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် အလွန်အမင်းမှီခိုနေရဆဲဖြစ်ပြီး ကမ္ဘာ့စွမ်းအင် ဈေးနှုန်းများ အတက်အကျ၊ ရေနံအရန်သိုလှောင်နိုင်မှု မှန်မှန်ကျဆင်းမှုတို့ကြောင့် စီးပွားရေးအခြေအနေ တစ်ရပ်လုံးကို ထိခိုက်နိုင်ခြေရှိနေသည်ဟု ဆိုသည်။

### ရေနံတင်ပို့မှုမှ အများစုရရှိ

နိုင်ငံ၏ဝင်ငွေသည် ရေနံတင်ပို့မှုမှ အများစုရရှိခြင်းဖြစ်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများကဲ့သို့သော ဝင်ငွေမြင့်မားစေမည့်လုပ်ငန်းကဏ္ဍများကို ဦးတည်ပြောင်းလဲဖော်ဆောင်သင့်ကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တွန်းအားပေးဆောင်ရွက်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ထွက်ကုန်များတင်ပို့မှုနှင့် ဆက်စပ်သည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖက်စပ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်သင့်ကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်း ပညာရှင်များက အကြံပြုထားကြသည်ကို တွေ့ရသည်။

လက်ရှိတွင်မူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ရငွေဖြင့် ပြည်တွင်းထုတ်လုပ်မှုကို အားဖြည့်ပေးပြီး ထိုရင်းနှီးမြှုပ်နှံမှုအများစုကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ လက်တံတစ်ခုဖြစ်သော ဘရူနိုင်းရင်းနှီးမြှုပ်နှံမှုအေဂျင်စီမှစီမံခန့်ခွဲလျက်ရှိသည်။ အစိုးရက ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ပြုလုပ်ပေးပြီး ဆန်နှင့်အိမ်ရာအတွက်လည်း ထောက်ပံ့ပေးသည်ကို တွေ့ရသည်။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏စာရင်းအရ GDP အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၈ ဘီလီယံခန့်ရှိပြီး တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၂၈၉၅၄ ဒသမ ၀၇ ခန့် ရှိတာတွေ့ရသည်။ အရှေ့တောင်အာရှ၏ ချမ်းသာသောနိုင်ငံများစာရင်းတွင် ပါဝင်သည့်အပြင် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စာရင်းဇယား၊ အချက်အလက်များ တိတိကျကျ ဖော်ပြထားသည်ကိုလည်း မတွေ့ရပေ။

> ❖ **ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသည် အာရှရှိ လူနေမှုအဆင့်အတန်း အမြင့်ဆုံးနိုင်ငံများတွင်ပါဝင်ပြီး အာရှ၏တစ်ဦးချင်း ဝင်ငွေအမြင့်ဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်သကဲ့သို့ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၏ ရည်မှန်းချက်အားလုံးနီးပါးကို ပြည့်မီလျက်ရှိကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမြင့်ဆုံးဖြစ်သည်ကို တွေ့ရပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုမှရရှိသည့် ဝင်ငွေများကို အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လူမှုဖူလုံရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုကိုပါရရှိ**

၂၀၂၂ ခုနှစ်တွင် Heritage Foundation အညွှန်းကိန်းအရ အလုပ်လက်မဲ့နှုန်း ၈ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိတာ တွေ့ရပြီး ၂၀၂၃ ခုနှစ်တွင် တစ်ရက်ဝင်ငွေ ၂ ဒသမ ၁၅ ဒေါ်လာအောက်ရရှိသူသည် လူဦးရေ၏ ၂ ဒသမ ၇၅ ရာခိုင်နှုန်း၊ တစ်ရက် ဝင်ငွေ ၃ဒသမ ၆၅ ဒေါ်လာအောက်ရရှိသူသည် လူဦးရေ၏ ၁၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ တစ်ရက်ဝင်ငွေ ၆ ဒသမ ၈၅ ဒေါ်လာအောက်ရရှိသူသည် လူဦးရေ၏ ၄၁ ဒသမ ၅၉ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရသည်။

ဘရူနိုင်းနိုင်ငံအစိုးရသည် ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းကို လက်ခံခဲ့ပြီး ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနအသီးသီး၊ အဖွဲ့အစည်းများပူးပေါင်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးကွန်ရက် (National Welfare System-SKN)ကို လူမှုအကူအညီများအား ပြည်သူများ လက်လှမ်းမီစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အထိ SKN Website မှတစ်ဆင့် လျှောက်လွှာပေါင်း ၃၇၃၂၇ စောင် လက်ခံရရှိခဲ့ပြီး လိုအပ်နေသောသူများနှင့် အခက်အခဲကြုံနေရသူများ၏ ဘဝအရည်အသွေး မြှင့်တင်ပေးခြင်း၊ ငွေကြေးအကူအညီပေးခြင်းတို့အပြင် အစိုးရ၏ Community Development Depar-tment (JAPEM) နှင့် ဘရူးနိုင်းအစ္စလာမ္မစ်ဘာသာရေးကောင်စီ (Brunei Islamic Religious Council-MUIB)တို့ အပါအဝင် အခြားသော အေဂျင်စီများမှလည်း အစားအစာနှင့် အမိုးအကာစသည်တို့ကို လိုအပ်နေသူများအား ထောက်ပံ့ပေးနေကြောင်း တွေ့ရသည်။

### Zero Poverty 2035 Target

ဘရူနိုင်းနိုင်ငံသည် ဆင်းရဲသောနိုင်ငံ မဟုတ်ပါ။ ဆင်းရဲမှုအပေါ် ဝင်ငွေဖြင့်တိုင်းတာခြင်းမဟုတ်ဘဲ ဘက်စုံပြီးပြည့်စုံစေရေး ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ထားပုံရသည်။ ဘရူနိုင်းနိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် လူနေမှုအဆင့်အတန်းအမြင့်မားဆုံးသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်လာနိုင်စေရန် မျှော်မှန်းချက်ထားရှိပြီး ၂၀၂၃ ခုနှစ်တွင် Zero Poverty 2035 Target ကို ချမှတ်ခဲ့သည်။ ယင်းသည် "Wawasan Brunei 2035" ဟုခေါ်ဆိုသည့် Brunei Vision 2035 နှင့် ချိတ်ဆက်မှုရှိတာတွေ့ရသည်။

### "Wawasan Brunei 2035" သို့မဟုတ် "Brunei Vision 2035"

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ (၅ နှစ်တာကာလတို)ချမှတ်၍ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ရာတွင် (၉) ကြိမ်မြောက် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၀၇-၂၀၁၂)သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် စတင်ဆောင်ရွက်ခဲ့သည့် ပထမဆုံး အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မှုအပိုင်းတွင် မဟာဗျူဟာမြောက် အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး "Wawasan Brunei 2035" သို့မဟုတ် "Brunei Vision 2035" ဟု လူသိများသည်။ ယင်းသည် အမြင့်ဆုံး နိုင်ငံတကာစံနှုန်းဖြင့် တိုင်းတာနိုင်သည့် ပညာတတ်နှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန်၊ ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်နိုင်မည့် လူနေမှုအဆင့်အတန်းမြင့်မားမှုမျိုး ရရှိစေရန်နှင့် ကမ္ဘာ့ထိပ်တန်း နိုင်ငံများအတွင်း တစ်ဦးချင်းဝင်ငွေဖြင့် စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်စသည့်ပန်းတိုင် (၃) ရပ် ချမှတ်ဆောင်ရွက်ခဲ့ပြီး ယင်းတို့ကို အကောင်အထည်ဖော်နိုင်ရန် အောက်ဖော်ပြပါမဟာဗျူဟာ (၈) ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်-

(၁) လူငယ်များအား အလုပ်အကိုင်နှင့် အောင်မြင်မှုများရရှိစေရန် ပျိုးထောင်ပေးမည့် ပညာရေး မဟာဗျူဟာ၊

(၂) ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးခြင်းဖြင့် ပြည်သူများအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးမည့် စီးပွားရေးဗျူဟာ၊

(၃) ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်စွမ်းအားရှိသော စွမ်းရည်၊ ကာကွယ်ရေးနှင့် သံတမန်ရေးစွမ်းရည်တို့ဖြင့် ပြည့်စုံသည့်နိုင်ငံဖြစ်စေရန် နိုင်ငံရေးတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာကို ကာကွယ်မည့် လုံခြုံရေးမဟာဗျူဟာ၊

(၄) အစိုးရလုပ်ထုံးလုပ်နည်းများတွင် ဗျူရိုကရေစီ "ကြိုးနီစနစ်" အနည်းဆုံးပါဝင်စေမည့်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးတွင် အရည်အသွေးမြင့် ပြည်သူ့ဝန်ဆောင်မှုများ၊ ခေတ်မီပြီး လက်တွေ့ကျသည့် ဥပဒေနှင့် စည်းမျဉ်းမူဘောင်များ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ကို တိုးမြှင့်ပေးမည့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၊

(၅) ဒေသတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အတွက် အခွင့်အလမ်းများ တိုးမြှင့်ပေးမည့်၊ ပြိုင်ဆိုင်နိုင်စွမ်းအားကို မြှင့်တင်ပေးခြင်းဖြင့် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများတွင် ဦးဆောင်မှုရရှိစေမည့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၊

(၆) ပညာရေး၊ ကျန်းမာရေးနှင့် စက်မှုလုပ်ငန်းများကို အထူးအလေးပေး၍ ကမ္ဘာ့အဆင့်မီ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်း၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းကို တွန်းအားပေးမည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၊

(၇) နိုင်ငံတော် ကြီးပွားတိုးတက်လာသည်နှင့်အမျှ နိုင်ငံသားတိုင်းအား သေချာစောင့်ရှောက်မှုပေးနိုင်စေမည့် လူမှုဖူလုံရေး မဟာဗျူဟာ၊

(၈) အမြင့်ဆုံးသော နိုင်ငံတကာကျင့်ထုံးများနှင့်အညီ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ပံ့ပိုးပေးမည့်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအသိုက်အဝန်းကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမဟာဗျူဟာ။

၎င်းမဟာဗျူဟာ (၈) ရပ်ကို အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းနှစ်ခုလုံး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး "Wawasan Brunei 2035" Supreme Council မှ ထုတ်ပြန်ခဲ့သည့် "Wawasan Brunei 2035" အစီရင်ခံ (၂၀၁၅-၂၀၂၂) တွင် ဘရူနိုင်းမျှော်မှန်းချက် ၂၀၃၅ ၏ အဓိကပန်းတိုင် (၃) ရပ်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများအား အားတက်ဖွယ်ရာ တွေ့မြင်ရသော်လည်း အမျိုးသားရေးရည်မှန်းချက်ကို အထောက်အပံ့ပြုစေမည့် အသွင်ကူးပြောင်းမှုနှင့် ထိထိရောက်ရောက် အကျိုးရှိစေရန် အားထုတ်ကြိုးပမ်းမှုတို့အပါအဝင် တိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် လုပ်ဆောင်ရမည့်အရာများများစွာရှိနေသေးကြောင်း သုံးသပ်တင်ပြထားသည်ကို တွေ့ရသည်။

Wawasan Brunei 2035 ၏ အမျိုးသားမျှော်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပါတီအားလုံး၏စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသည့် ကတိကဝတ်များသည် အရေးကြီးသည့်အခန်းကဏ္ဍမှ အထောက်အပံ့ပြုလျက်ရှိသည်ဟု ဆိုသည်။

လေ့လာမှုများအရ လက်ရှိတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသည် အာရှရှိ လူနေမှုအဆင့်အတန်း အမြင့်ဆုံးနိုင်ငံများတွင်ပါဝင်ပြီး အာရှ၏တစ်ဦးချင်း ဝင်ငွေအမြင့်ဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်သကဲ့သို့ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၏ ရည်မှန်းချက်အားလုံးနီးပါးကို ပြည့်မီလျက်ရှိကြောင်း တွေ့ရသည်။ ထို့အတူ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အမြင့်ဆုံးဖြစ်သည်ကို တွေ့ရပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုမှရရှိသည့် ဝင်ငွေများကို အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် လူမှုဖူလုံရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုကိုပါ ရရှိစေသည်ဟု ဆိုသည်။

*စာမျက်နှာ ၁၁ သို့*

# အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံမှ နံ့သာမြိုင်ပန်းခြံဝင်ပေါက်အထိ ပြည်လမ်းအား ကွန်ကရစ်လမ်းသားတိုးချဲ့

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယ မြို့တော်ဝန် ဦးညီညီနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်ရှိ အောင်ဆန်းအဆုတ်ရောဂါအထူးကု ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စော်ဘွားကြီး ကုန်းလမ်းဆုံမှ နံ့သာမြိုင် ပန်းခြံဝင်ပေါက်အထိ ပြည်လမ်းလမ်းသား တိုးချဲ့ဆောင်ရွက်နေမှုနှင့် မွေးမြူရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနဝင်း သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုသည်။

မြို့တော်ဝန်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် မိုးကုတ် ဝိပဿနာကျောင်းလမ်းရှိ အောင်ဆန်း အဆုတ်ရောဂါ အထူးကု ဆေးရုံကြီးသို့ သွားရောက်၍ စည်ပင်သာယာဝန်ထမ်းများနှင့် ဆေးရုံဝန်ထမ်းများပူးပေါင်းအဖွဲ့များက စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဆောင်ရွက်နေသည့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း လမ်းဆုံမှ နံ့သာမြိုင်ပန်းခြံဝင်ပေါက်အထိ အရှည် ၆၂၅ ပေ၊ အကျယ် ၁၉ ပေရှိ ပြည်လမ်းကို ကွန်ကရစ်လမ်းသား တိုးချဲ့ဆောင်ရွက်နေမှု အဖုံးပါ ရေနုတ်မြောင်း ဆောင်ရွက်နေမှု၊ လူသွားစင်္ကြံနှင့် ပန်းခြံ ခြံစည်းရိုးအကြား Interlock ကွန်ကရစ်တုံးများ ခင်းရန်နှင့် ယာဉ်ရပ်နားရန်နေရာ ဆောင်ရွက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လမ်းသားနှင့် မလွတ်ကင်းသည့် မီးတိုင်များ ဖယ်ရှားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းရှိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မွေးမြူရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနသို့ သွားရောက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးတို့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေး ဝန်ထမ်းများနှင့် သက်ဆိုင်ရာ ဌာနဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပဝယ်လိုအားကြောင့် မြန်မာ့ထွက်ကုန် ပဲစင်းငုံများ အရောင်းအဝယ်သွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၀**

ယခုနှစ်တွင် ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း မြန်မာ့ထွက်ကုန် ပဲစင်းငုံများ အရောင်းအဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် ပဲစင်းငုံများသည် အထွက်နှုန်း အသင့်အတင့်ကောင်းကာ အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်ခြင်းကြောင့် ဈေးကွက်အတွင်း၌ အရောင်းအဝယ်များ ကောင်းနေကြောင်း၊ ယခုလက်ရှိ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ပဲစင်းငုံကို မြန်မာလူမျိုးတွေ စားသုံးမှုနည်းပါတယ်။ အိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်ပြီး အရသာမှာလည်း တစ်မူထူးခြားတာကြောင့် ကြိုက်နှစ်သက်ကြပါတယ်။ ထွက်ရှိတဲ့ပဲစင်းငုံရာခိုင်နှုန်းပြည့်ကို ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ အခုနှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲစင်းငုံလိုအပ်ချက်တွေ များနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ် ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလည်း နှစ်စဉ်ပုံမှန် ဝယ်ယူနေကြ ပါတယ်။ အဓိကဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။ ပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီပဲ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံသီးနှံက နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေပေးတဲ့ ပဲအမျိုးအစားထဲမှာ ပါဝင်ပါတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစား သုံးမျိုးရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်း တိုးချဲ့စိုက်ပျိုးလာကြရာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့တွင်လည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာကြောင်း၊ ပြည်ပဈေးကွက် အခိုင်အမာရှိနေသည့် ပဲစင်းငုံကို တောင်သူများအနေဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၁၀ မှ*

သို့ရာတွင် Wawasan Brunei 2035 နှင့် စပ်လျဉ်း၍ Universiti Brunei Darussalam မှ ပြည်သူ့ရေးရာမူဝါဒ ပါရဂူဘွဲ့ကျောင်းသားဖြစ်သူ Abdul Malik Omar ၏ လေ့လာချက်စာတမ်းတွင်မူ အစိုးရ၏ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ထိရောက်မှုနှင့် ပြည်သူ့ရေးရာမူဝါဒရလဒ်များစသည်တို့၏ တိုးတက်မှုအခြေအနေမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသိသာသာ အကျိုးသက်ရောက်မှု ရှိ/မရှိ ပြောရန် စောလွန်းနေသေးကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ ထို့ပြင် အလုပ်လက်မဲ့ပြဿနာနှင့် နိုင်ငံ၏ စီးပွားရေးတွင် ဝင်ငွေတစ်ခုတည်းအပေါ်သာ အဓိကမှီခိုနေရသောဖြစ်စဉ်အား ပြောင်းလဲဖော်ဆောင်နိုင်မှုမရှိသေးခြင်းတို့မှာ အဓိကရင်ဆိုင်နေရသည့်ပြဿနာ(၂)ရပ်ဖြစ်ကြောင်း ထောက်ပြထားပြီး ခိုင်လုံသည့် အထောက်အထားများကို အခြေပြု၍ ပြည်သူ့ရေးရာမူဝါဒချဉ်းကပ်မှုပုံစံ (Evidence Based Public Policy Approach) ဖြင့် သွားသင့်ကြောင်းနှင့် နိုင်ငံတော်အဆင့်တွင် အုပ်စုဖွဲ့ဆွေးနွေးညှိနှိုင်းမှုများလွန်းခြင်းသည်လည်း ဆန်းသစ်တီထွင်မှုကို အဟန့်အတားဖြစ်စေကြောင်း သုံးသပ်တင်ပြထားသည်။ အလုပ်လက်မဲ့ပြဿနာနှင့် စီးပွားရေးရာကဏ္ဍ ပြောင်းလဲဖော်ဆောင်နိုင်မှု မရှိခြင်းတို့ကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုပိုင်းအရ အဖြေရှာဆောင်ရွက်သွားသင့်ကြောင်း အကြံပြုထားသည်ကို တွေ့ရှိရသည်။

ဘရူနိုင်းနိုင်ငံ၏ လူမှုဖူလုံရေးအစီအစဉ်များတွင် လက်ရှိချို့ယွင်းချက်များကို လေ့လာဖော်ထုတ်၍ ရေရှည်စောင့်ရှောက်မှုနှင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်များ ပါဝင်စေရန်၊ ထိခိုက်လွယ်အုပ်စုများအတွက် လုံလောက်သော ပံ့ပိုးမှုများပေးရန်၊ ပွင့်လင်းမြင်သာမှု၊ အုပ်ချုပ်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အရင်းအမြစ်များ စီမံခန့်ခွဲခြင်းတို့ကို မြှင့်တင်ပေးရန် ပြီးပြည့်စုံသော ချဉ်းကပ်မှုနည်းလမ်းကို စဉ်းစားသင့်သည်။ စီးပွားရေးအရ အခြားဝင်ငွေရင်းမြစ်များကို ရှာဖွေခြင်းသည်လည်း ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒများ ရေရှည်တည်တံ့စေရေးတို့ကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

အလုပ်လက်မဲ့ပြဿနာနှင့် ဆင်းရဲနွမ်းပါးမှုတို့မှာ ကြောင်းကျိုးဆက်စပ်လျက်ရှိသည့်အတွက် ဆင်းရဲမွဲတေမှုနှင့် ယင်း၏အရင်းခံအကြောင်းတရားများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိရန်လိုအပ်သည်ဖြစ်ရာ ဘရူနိုင်းနိုင်ငံအနေဖြင့် သုတေသနနှင့် မူဝါဒအပြောင်းအလဲများကို ဦးစားပေး လုပ်ဆောင်သင့်ပေသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးကွန်ရက်(National Welfare System–SKN)ကဲ့သို့သော ထိရောက်သောလူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသူများ၏ လူနေမှုဘဝမြှင့်တင်ရန်နှင့် ပိုမိုမျှတသောလူ့အဖွဲ့အစည်းကို တည်ထောင်ရာတွင် သိသာထင်ရှားသော ခြေလှမ်းသစ်များ စတင်နိုင်မည်ဖြစ်ပါသည်။ စာရေးသူအနေဖြင့်မူ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များ၊ စစ်တမ်းများ ပြုစုထားရှိမှု၊ ချဉ်းကပ်လေ့လာမှုအားနည်းခြင်းသည် သင့်လျော်သည့် မူဝါဒနှင့် ချဉ်းကပ်မှုနည်းလမ်းများ ချမှတ်နိုင်ရန် အဟန့်အတားဖြစ်စေသည်ဟု ရှုမြင်မိပါသည်။

ဆင်းရဲမှုနှင့်ပတ်သက်၍ အများဆုံးအသုံးပြုသော ချဉ်းကပ်သည့်နည်းလမ်း (၃) ခုမှာ

(က) ဝင်ငွေ၊

( ခ ) အခြေခံလိုအပ်ချက်များနှင့်

( ဂ ) စွမ်းဆောင်ရည်တို့အပေါ် တိုင်းတာသုံးသပ်ခြင်းနည်းလမ်းများဖြစ်ပြီး ဝင်ငွေအပေါ် အခြေပြုသုံးသပ်ခြင်းနည်းလမ်းက ဆင်းရဲမှုကို ဝင်ငွေမရှိခြင်းဖြင့်လည်းကောင်း၊ အခြေခံလိုအပ်ချက်များအပေါ် သုံးသပ်ခြင်းနည်းလမ်းက အခြေခံလိုအပ်ချက်များ (သို့) ရုပ်ဝတ္ထုပိုင်းဆိုင်ရာ မပြည့်စုံခြင်းဖြင့်လည်းကောင်း၊ စွမ်းဆောင်ရည်အပေါ် သုံးသပ်ခြင်းနည်းလမ်းက စွမ်းဆောင်ရည်ပြည့်မီမှု ရှိ/မရှိဖြင့်လည်းကောင်း တိုင်းတာသတ်မှတ်ကြသည်ကို တွေ့ရသည်။ လေ့လာမှုများအရ စွမ်းဆောင်ရည်အပေါ် တိုင်းတာသုံးသပ်ခြင်း နည်းလမ်းသည် ဆင်းရဲမှုဆိုင်ရာ ဝိသေသလက္ခဏာများကို ပြည့်စုံစွာဖော်ညွှန်းနိုင်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုပြယုဂ်နှင့် အခိုင်အမာချိတ်ဆက်နိုင်သည့်အတွက် ဆင်းရဲမှုကို ချဉ်းကပ်လေ့လာရန် အသင့်လျော်ဆုံး နည်းလမ်းတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ စာရေးသူ၏ အမြင်အရမူ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေ၊ လူမှုဘဝ အခြေခံလိုအပ်ချက်များနှင့် စွမ်းဆောင်ရည် (၃)ရပ်လုံးနှင့် ဆက်စပ်နေသည့်အတွက် နည်းလမ်း (၃)ခုလုံးကို တစ်ပြိုင်တည်းဆောင်ရွက်သင့်သည်ဟု ရှုမြင်သုံးသပ်မိရပါသည်။

မည်သို့ဆိုစေ ဘရူနိုင်းနိုင်ငံသည် Wawasan Brunei 2035 ကို အကောင်အထည်ဖော်နေပြီး အပြုသဘောဆောင်သော ပြောင်းလဲမှုများစတင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန်၊ လူမှုကာကွယ်မှုမြှင့်တင်ရန်နှင့် ပိုမိုတောက်ပသောအနာဂတ်ကို ဖန်တီးရန်အတွက်မူ ဘရူနိုင်း နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် စိန်ခေါ်မှုများကို အတူတကွကျော်လွှားမှသာလျှင် ပိုမိုကောင်းမွန်၍ သာယာဝပြောသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မှာဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

### ရည်ညွှန်းကိုးကားချက်


- https://amro-asia.org/weaning-brunei-off-oil/
- https://tradingeconomics.com/brunei/gdp
- Knowledge to Policy: Understanding Poverty to Create Policies that Facilitate Zero Poverty in Brunei Darussalam written by Blessing Gweshengwe and Noor Hasharina Hassan, Universiti Brunei Darussalam (https://fass.ubd.edu.bn/SEA/vol19/SEA-v19-Gweshengwe-NoorHasharina.pdf )
- A pioneering study on measuring poverty in the hydrocarbon-rich state of Brunei Darussalam (https://www.tandfonline.com/doi/full/10.1080/17441730.2023.2240108 )
- https://borneobulletin.com.bn/skn-aims-to-improve-quality-of-life-ministry/
- http://www.bruneiembassy.org/brunei-vision-2035.html (Source: Brunei Economic Development Board)
- https://borneobulletin.com.bn/overview-of-progress-achievements-in-support-of-brunei-vision-2035/
- The Whole-of-Nation Approach: The Case of Brunei Darussalam, Wawasan 2035, and the 4th Industrial Revolution (https://www.researchgate.net/publication/345209408)

# နိုင်ငံတကာဈေးကွက်ဝင် နှစ်ရှည်ထောပတ်သီးနှံများ တိုးမြှင့်စိုက်ပျိုး

■ ခွန်အောင် (နောင်တရား)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားဒေသပတ်ဝန်းကျင်ကျေးရွာများတွင် နှစ်ရှည်ဥယျာဉ်ခြံအဖြစ် သစ်တော်၊ လိမ္မော်၊ ဆန်းကစ်၊ ပင်မှည့်၊ ထောပတ်နှင့် ကော်ဖီတို့ကို အဓိကစိုက်ပျိုးကြပြီး ပြည်တွင်းနှင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချနေရသည်။ ၎င်းတို့အနက် ပင်လောင်းမြို့နယ် နောင်တရားမြို့ အမှတ်(၂) ရပ်ကွက်မှ ထောပတ်ခြံ စီးပွားဖြစ်စိုက်ပျိုးထားသည့် တောင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြအပ်ပါသည်။



မေး ။ ။ ထောပတ်ပင်များကို စီးပွားဖြစ်စိုက်ပျိုးဖြစ်တဲ့ အကြောင်းလေးရှင်းပြပေးပါဦး။

ဖြေ ။ ။ ၂၀၀၈ ခုနှစ်တွင် ဒေသမျိုး ထောပတ်ပင်ကို စီးပွားဖြစ် စတင်စိုက်ပျိုးကြပြီး အောင်ပန်းကုန်စည်ဒိုင်နဲ့ ရန်ကုန်သို့ တင်ပို့ရောင်းချကြပါတယ်။ ဒေသသီးဖြစ်တဲ့အတွက် အမျိုးအစားများပြားပြီး ဈေးကွက်တည်ငြိမ်မှု မရှိပါဘူး။ ဈေးကောင်းချိန်ဆို အလွန်ကောင်းပြီး ဈေးမရှိချိန်ဆို လုံးလုံးမရှိပါဘူး။ ပြီးတော့ ဒေသပင်တွေက အပင်ကြီးတဲ့အတွက် ပြုစုထိန်းသိမ်းရမလွယ်ကူပါဘူး။ ထောပတ်အရိုင်းပင်တွေကို ကိုင်းဆက်လိုက်တော့ ပြုစုထိန်းသိမ်းရလွယ်ကူတယ်။ ဈေးကွက်တန်းဝင်တဲ့ ထောပတ်ပင်ကို ကိုင်းဆက်လို့ရတဲ့အတွက် စီးပွားဖြစ်စိုက်ပျိုးခဲ့တာပါ။

မေး ။ ။ ဒေသထောပတ်သီးမျိုးရဲ့ အားနည်းချက်တွေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ ။ ။ ဒေသသီးအားနည်းချက်တော့ အများကြီးရှိပါတယ်။သိသလောက်ပြောပြရရင် ဒေသမျိုးထောပတ်ပင်တွေက အပင်ကြီးတယ်။ အလုံးလှအောင် ပြုစုရခက်ခဲပါတယ်။ ပင်စည်ဖောက်ရောဂါပိုးကို ကုသရခက်ခဲတယ်။ အပင်တစ်ပင်နဲ့တစ်ပင် အလုံးအရွယ်အစား မတူညီဘူး။ အလုံးမျိုး၊ ဘူးသီးမျိုး၊ အလုံးစိမ်း၊ အပွေးများတဲ့ အလုံးများတယ်။ ပြီးတော့ အပင်ကြီးတော့ ကြားညှပ်သီးနှံစိုက်လို့မလွယ်ကူဘူး။ ဈေးကွက်ကလည်း မသေချာဘူး။ ခူးဆွတ်ရတာလည်း ကုန်ကျစရိတ်ကြီးပြီး အနာများတယ်။

မေး။ ။ ထောပတ်ပင် စိုက်ပျိုးရေးစနစ်တွေကိုလည်း မျှဝေပေးပါဦး။

ဖြေ ။ ။ ထောပတ်ပင်ကို စတင်စိုက်ပျိုးတော့မယ်ဆိုရင် ဒေသမျိုးရဲ့ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ပေးရပါတယ်။ ပြီးတော့ မျိုးစေ့ကို ပျိုးအိတ်ထဲထည့်ပြီး သဘာဝမြေဆွေးနဲ့ မြေကြီးနဲ့ ရောမွှေပြီး ပျိုးထောင်ရပါတယ်။ အပင်အရွယ်အစား တစ်ပေ၊ နှစ်ပေလောက် ရောက်လာရင် မိမိစိုက်မယ့် ဥယျာဉ်ခြံမှာ မြေအနက် အကျယ်တစ်ပေ၊ အနက်တစ်ပေခွဲလောက်တူးပြီး အောက်ခြေမှာ သဘာဝမြေဩဇာ၊ မြေဆွေးတွေထည့်ပြီး အပေါ်ပိုင်းမှာ မြေအနည်းငယ် ဖုံးအုပ်ထားရပါမယ်။ အနေအထားမပျက်အောင် ပျိုးအိတ်ကို ခွာထုတ်ပြီး စိုက်ရပါတယ်။ ပြီးရင် သဘာဝ မြေဆွေးတွေကို ဘေးပတ်လည်ထည့်ပြီး ရေလောင်းပေးရင်ရပါပြီ ကျွန်တော်ကတော့ ဒီလိုစိုက်ပါတယ်။

မေး ။ ။ ထောပတ်ပင်ကို စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်နိုင်သည့်အချိန်အထိ ကုန်ကျစရိတ်လေး သိပါရစေ။

ဖြေ ။ ။ ထောပတ်ပင် စိုက်ပျိုးစရိတ်တော့ အနည်းငယ်ရှိပါတယ်။ ဒေသပင်အရိုင်း စိုက်ပျိုးချိန်ကစပြီး ကိုင်းဆက်တဲ့အထိ တစ်ပင်ရဲ့ ကုန်ကျစရိတ်က ငွေကျပ်လေးသိန်း ရှိပါတယ်။ ကုန်ကျစရိတ် အများစုကတော့ သဘာဝမြေဆွေးနဲ့ နွားချေးတွေ ဝယ်သုံးရတဲ့စရိတ်ပါ၊ ဒေသပင်အရိုင်း စိုက်ပျိုးသက်တမ်းက နှစ်နှစ်ကနေ သုံးနှစ်၊ ကိုင်းဆက်ပြီး နှစ်နှစ်ကနေ သုံးနှစ် များသောအားဖြင့် စုစုပေါင်းခြောက်နှစ် သက်တမ်းမှာ အသီး စတင်သီးပါတယ်။

မေး ။ ။ ဘယ်လိုထောပတ်ပင်အမျိုးအစားက ကိုင်းဆက်မျိုးပွားလို့ရပါသလဲ။

ဖြေ ။ ။ ကျွန်တော့်ခြံမှာ ကိုင်းဆက်ထားတဲ့ ထောပတ်ပင်အမျိုးအစားကတော့ 034၊ Hass၊ ဘူး 7၊ ဘာကေးနီးယားတို့ကို ကိုင်းဆက်ထားပါတယ်။ Hass မျိုးကတော့ အကောင်းဆုံးလို့ သတ်မှတ်ကြပါတယ်။ ရင့်မှည့်ချိန်ဆို အသားအိတယ်။ အမျှင်မရှိဘူး အထားလည်း ခံပါတယ်။ အခြားအမျိုးအစားတွေကတော့ အထားမခံပါဘူး။ ဈေးကွက်ပိုင်းက Hass ကတော့ ဈေးပိုရပါတယ်။

> **အရင်းအနှီးအနေနဲ့ အချိန်နှင့်ငွေကြေးတော့ ရင်းရတာပေါ့။ ဈေးကွက်တန်းဝင်တဲ့ ထောပတ်သီးကိုလိုချင်ရင် ပင်ကြား၊ တန်းကြားကို သေသေချာချာတွက်ချက်ပြီး ကြားညှပ်နှစ်ရှည်ပင် စိုက်ပျိုးရပါမယ်။ ဒါမှအဆင်ပြေနိုင်မှာပါ။ ခြံတစ်ကေမှာ ဝင်ငွေနှစ်မျိုးရတာပေါ့။ ပြီးတော့ မွေးမြူရေးအနေနဲ့ ပျားမွေးမြူရေးကိုလည်း လုပ်နိုင်ပါသေးတယ်**

မေး ။ ။ ထောပတ်အသင်း အဖွဲ့အတွက် နိုင်ငံတော်က ပံ့ပိုးမှုတွေ ရှိပါသလား။

ဖြေ ။ ။ နောင်တရားမှာ ထောပတ်အစုအဖွဲ့ အသင်းရှိပါတယ်။ထောပတ်အသင်းအဖွဲ့က နိုင်ငံတော်ကနေ နိုင်ငံမြှင့်တင်ရေးရန်ပုံငွေ ချေးငွေထုတ်ပေးထားတာ ရှိပါတယ်။ ဒီချေးငွေနဲ့ အရည်အသွေးမြှင့် ထောပတ်ပင် စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်နေကြပါတယ်။

မေး ။ ။ ပြည်ပနိုင်ငံသို့ ထောပတ်တင်ပို့မှု အခြေအနေလေး သိပါစေ။

ဖြေ ။ ။ ကျွန်တော့်ခြံက ဒီနှစ်မှ စသီးတော့ ပြည်ပနိုင်ငံတွေကို မတင်ပို့ဖူး သေးပါဘူး။ ထောပတ်အသင်းအဖွဲ့အနေနဲ့ တာချီလိတ်မှ တစ်ဆင့် တရုတ်၊ ထိုင်း စတဲ့ အိမ်နီးချင်းနိုင်ငံတွေကို တင်ပို့ရောင်းချနေတာရှိပြီး အခြားပြည်ပနိုင်ငံတွေကိုလည်း တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်နေကြပါတယ်။

မေး။ ။ ထွက်ရှိလာမယ့် ထောပတ်သီးတွေ က ဈေးကွက်ရှိပြီးသားလား။

ဖြေ ။ ။ ကျွန်တော့်ခြံမှာ ထောပတ်အပင်ပေါင်း ၄၂၀ စိုက်ပျိုးထားပါတယ်။ အခြားခြံ အပါအဝင်ဆို အပင်ပေါင်း ၁၀၀၀ ကျော်ရှိပါတယ်။ အခုနှစ်မှာထွက်ရှိတဲ့ ထောပတ်သီးကို ထောပတ်အသင်းအဖွဲ့နဲ့ လက်တွဲပြီး ရောင်းဖြစ်မှာပါ။ တစ်ခြံကို ငါးတန်လောက် ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ထောပတ်တစ်ခြံကို ငွေကျပ်သိန်း ၁၅၀ အထက်ရမယ်လို့ခန့်မှန်းထားပါတယ်။ တစ်ကီလိုကို လက်ရှိပေါက်ဈေးက ငွေကျပ် ၃၀၀၀ ကနေ ၆၅၀၀ အထိ ရှိပါတယ်။

မေး ။ ။ ကြားညှပ်သီးနှံအဖြစ် ဘယ်လိုသီးနှံတွေကို စိုက်ဖြစ်ပါသလဲ။

ဖြေ ။ ။ ကြားညှပ်သီးနှံအဖြစ်တော့ ကော်ဖီပင်တွေစိုက်ထားပါတယ်။ ဥယျာဉ်ခြံဆိုတာ မျိုးက တစ်မျိုးတည်းစိုက်လို့ အဆင်မပြေဘူး။ ကြားညှပ်သီးနှံစိုက်မှ ဝင်ငွေနှစ်မျိုးရမှာပါ။ မြေဩဇာနဲ့ အလုပ်သမားစရိတ်တွေ ပြရပြီး ထောပတ်သီးမှ ရရှိတဲ့ဝင်ငွေကိုတော့ အသားတင်အမြတ်ငွေ ကျန်တာပေါ့။

မေး ။ ။ ထောပတ်ဥယျာဉ်ခြံ စိုက်ပျိုးမည့် တောင်သူများအတွက် အကြံဉာဏ်ပေးချင်တာ ရှိပါသလား။

ဖြေ ။ ။ ထောပတ်ဥယျာဉ်ခြံ စိုက်ပျိုးချင်တယ်ဆိုရင်တော့ အရင်းအနှီးအနေနဲ့ အချိန်နဲ့ ငွေကြေးတော့ ရင်းရတာပေါ့။ ဈေးကွက်တန်းဝင်တဲ့ ထောပတ်သီးကိုလိုချင်ရင် ပင်ကြား၊ တန်းကြားကို သေသေချာချာတွက်ချက်ပြီး ကြားညှပ်နှစ်ရှည်ပင် စိုက်ပျိုးရပါမယ်။ ဒါမှအဆင်ပြေနိုင်မှာပါ။ ခြံတစ်ကေမှာ ဝင်ငွေနှစ်မျိုးရတာပေါ့။ ပြီးတော့ မွေးမြူရေးအနေနဲ့ ပျားမွေးမြူရေးကိုလည်း လုပ်နိုင်ပါသေးတယ်။

ဥယျာဉ်ခြံစိုက်ပျိုးမည့် တောင်သူများသည် မိမိစိုက်ပျိုးမည့် သီးနှံများကို ဒေသတွင်းသာမက ပြည်ပနိုင်ငံသို့ပါ တင်ပို့ရောင်းချနိုင်မည့် သီးနှံမျိုးကို ရွေးချယ်စိုက်ပျိုးသင့်ပြီး ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးနိုင်ပါမှ ဝင်ငွေနှစ်မျိုး ရရှိစေနိုင်မည်ဖြစ်ကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။





ထောပတ်ပင်ပေါ်၌ သီးနေသော ထောပတ်သီးများကို တွေ့ရစဉ်။

## ဂါဇာကမ်းမြောင်ဒေသ၌တိုက်ခိုက်မှုများကို နေ့စဉ် လေးနာရီကြာ ခေတ္တရပ်ထားရန် အစ္စရေးသဘောတူညီ

**ဂျေရုဆလင် နိုဝင်ဘာ ၁၀**

ဂါဇာကမ်းမြောင် ဒေသတွင် တိုက်ပွဲများ ခေတ္တရပ်ရန် အစ္စရေး မဟာမိတ်များအား အမေရိကန်တာဝန်ရှိသူများက အကြိမ်ကြိမ်ဖိအားပေးမှုကြောင့် နိုဝင်ဘာ ၉ ရက်တွင် အောင်မြင်မှုအချို့ရခဲ့ပြီး အစ္စရေးဘက်မှ ဟားမားစ်စစ်သွေးကြွများအပေါ် နေ့စဉ်လေးနာရီကြာ စစ်ဆင်ရေးများ ရပ်တန့်ပေးရန် သဘောတူညီလိုက်ပြီဖြစ်သည်။




အစ္စရေး တာဝန်ရှိသူများ အနေဖြင့် အပစ်ရပ်မှု မစတင်မီ သုံးနာရီ ကြိုတင်ကြေညာမည်ဖြစ်ပြီး အဆိုပါ အပစ်အခတ်ရပ်စဲမှုများသည် အရပ်သားများ တိမ်းရှောင်ထွက်ခွာနိုင်စေရန်နှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကီယာဘိုင်က ပြောကြားသည်။

ယခုသီတင်းပတ် အစောပိုင်းက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် သမ္မတဂျိုးဘိုင်ဒင်တို့ကြား ဆွေးနွေးမှုများအပြီးတွင် အဆိုပါ ခေတ္တအပစ်ရပ်စဲရေး အစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဟားမားစ်တို့ ဖမ်းဆီးထားသည့် ဓားစာခံ ၂၀၀ ကျော်ကို လွှတ်ပေးခြင်းမရှိဘဲ လုံးဝအပစ်ရပ်စဲရေးကို လုပ်ဆောင်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## ယူ - ၁၇ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အင်ဒိုနီးရှားနိုင်ငံ၌ လုံခြုံရေးများတင်းကျပ်

**ဂျကာတာ နိုဝင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံသည် ယူ - ၁၇ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်ပထမဦးဆုံး လက်ခံကျင်းပပြီး နိုဝင်ဘာ ၁၀ ရက်တွင် ဘောလုံးပြိုင်ပွဲစတင်ပြီ ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဘောလုံးကွင်းအတွင်း ကြောက်မက်ဖွယ် လူအုပ်ပိမှု ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးနှင့်ပတ်သက်၍ အာရုံစိုက်နေကြသည်။ ဘောလုံးပြိုင်ပွဲများကို မြို့တော်ဂျကာတာ၊ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဆူရာဘာရာ နှင့် အခြားသောမြို့နှစ်မြို့တို့တွင် ကျင်းပနေကြသည်။ အသင်းပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်နေကြသည်။

လက်ရှိပြိုင်ပွဲတွင် နေရာပေါင်း လေးခု၌ ရဲအရာရှိပေါင်း ၁၃၀၀၀ တပ်ဖြန့်ချထားမည်ဖြစ်သည်။ ဖီဖာဘောလုံးအဖွဲ့ချုပ်၏ လမ်းညွှန်ချက်များအတိုင်း လုံခြုံရေးအဆင့်အတန်းကို လိုက်နာမည်ဖြစ်ပြီး မျက်ရည်ယိုဗုံး အသုံးမပြုဟုလည်း အင်ဒိုနီးရှားအမျိုးသားရဲဌာနမှ ပြည်သူ့သတင်းအချက်အလက် အကြီးအကဲဖြစ်သူ ဗိုလ်မှူးချုပ် အာမက်ရာမက်ဟန်က ပြောသည်။

ဘောလုံးပြိုင်ပွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက်လည်း အင်ဒိုနီးရှားပြည်သူများက ဂုဏ်ယူကြကြောင်း ၎င်းက ဆက်ပြောသည်။ ယခုပွဲကို အောင်အောင်မြင်မြင်ဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ခြင်းဖြင့် အခြားသောအာဆီယံနိုင်ငံများနှင့်အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပူးတွဲကျင်းပနိုင်မည့်အခွင့်အရေး အပါအဝင် အခြားသောအခွင့်အရေးများ ရရှိလာနိုင်လိမ့်မည်ဟု အစိုးရက မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**



ဆူရာဘာရာမြို့၌ ယူ-၁၇ ကမ္ဘာ့ဖလားဖွင့်ပွဲအတွင်း ဖျော်ဖြေမှုများကို တွေ့ရစဉ်။

## ၂၀၂၃ ခုနှစ် အစိမ်းရောင်နည်းပညာကုန်စည်ပြပွဲကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းကျင်းပ

**ဘန်ကောက် နိုဝင်ဘာ ၁၀**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုအားကောင်းစေရေးနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများကို ပြသရန်အတွက် ဘန်ကောက်တွင် ၂၀၂၃ ခုနှစ် အစိမ်းရောင်နည်းပညာ ကုန်စည်ပြပွဲကို ထိုင်းနှင့် တရုတ်နိုင်ငံတို့ ပူးတွဲကျင်းပသည်။

နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိကျင်းပရန် စီစဉ်ထားသော အဆိုပါကုန်စည်ပြပွဲသည် တရုတ်၊ ထိုင်းနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများ၏ ခေတ်မီသောအစိမ်းရောင်နည်းပညာများနှင့် စက်မှုစံနမူနာများကို မီးမောင်းထိုးပြနေပြီး ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်တွင် အရှည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးသည့်အပြင် အစိမ်းရောင်တော်လှန်ရေးအခွင့်အလမ်းများနှင့် တီထွင်ဆန်းသစ်မှုများကို ပြသထားသည်။

အစိမ်းရောင်ခရီးသွားလာရေး၊ အစိမ်းရောင်စွမ်းအင်၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု ဖြေရှင်းချက်များနှင့် အစိမ်းရောင်ထုတ်ကုန်များအကြောင်း အမျိုးမျိုးသောပြကွက်များပါရှိပြီး စတုရန်းမီတာ ၁၀၀၀၀ ကျယ်ဝန်းသည့် အဆိုပါ ပြပွဲသည် ထိုင်း-တရုတ် သိပ္ပံနှင့်နည်းပညာအသင်းနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီ (ရှန်ဟိုင်း) တို့အကြား ပူးပေါင်းဆောင်ရွက်မှုတစ်ခုလည်း ဖြစ်သည်။

**ဆင်ဟွာ**

## အပိုလို - ၈ မှ အာကာသယာဉ်မှူး ဖရန့် ဘိုးမန်း ကွယ်လွန်

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၁၀**

နာဆာမှ အာကာသယာဉ်မှူးဟောင်း ဖရန့်ဘိုးမန်းသည် အပိုလို- ၈ ၏ ၁၉၆၈ ခုနှစ် သမိုင်းဝင်ခရီးစဉ်တွင် ကွပ်ကဲရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၎င်းသည် အသက် ၉၅ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်သည်။

လေတပ်ပိုင်းလော့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဘိုးမန်းသည် အမေရိကန် အာကာသအေဂျင်စီတွင် လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ အပိုလို - ၈ မှ အာကာသယာဉ်မှူးများသည် လကမ္ဘာအနီး လှည့်ပတ်သည့်ခရီးစဉ်တွင် ပထမဆုံးလိုက်ပါခွင့်ရရှိသည့် လူသားများဖြစ်ကြသည်။ ၎င်းတို့၏အောင်မြင်မှုကြောင့် နောက်တစ်နှစ်တွင် အပိုလို ၁၁ လပေါ်သို့ဆင်းသက်နိုင်ရေး အထောက်အပံ့ဖြစ်ခဲ့သည်။ ဘိုးမန်းနှင့် ၎င်း၏အဖွဲ့သားများသည် လပတ်လမ်းကြောင်းအတွင်းဝင်ရောက်ပြီးသည့်နောက် တိုက်ရိုက်ထုတ်လွှင့်မှုကို ပြုလုပ်ခဲ့သည်။

အာကာသယာဉ်မှူးအလုပ်မှ စွန့်ခွာပြီးနောက် ၎င်းသည် ၁၉၇၀ ပြည့်နှစ်များတွင် Eastern လေကြောင်းလိုင်းတွင် အမှုဆောင်အရာရှိအဖြစ် တာဝန်ယူခဲ့သည်။ ၎င်းသည် နိုဝင်ဘာ ၇ ရက်က အမေရိကန်ပြည်ထောင်စု မွန်တန်နားပြည်နယ်၌ ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ပဋိပက္ခများဆက်လက်ဖြစ်ပွားနေပါက ပါလက်စတိုင်းတွင် ဆင်းရဲနွမ်းပါးမှု သိသိသာသာမြင့်မားလာနိုင်

**ဂါဇာ နိုဝင်ဘာ ၁၀**

ဂါဇာကမ်းမြောင်ဒေသ ပါလက်စတိုင်းနယ်မြေတွင် ပဋိပက္ခတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါက ပါလက်စတိုင်း၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာသိသိသာသာမြင့်မားလာနိုင်သည်ဟု နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂလေ့လာမှုတစ်ခုအရ သိရသည်။

ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၄ ရာခိုင်နှုန်း မြင့်မားလာနိုင်ပြီး ပဋိပက္ခဖြစ်ပွားမှုများ နှစ်လဆက်တိုက်ဖြစ်ပွားပါက လူပေါင်းသန်းတစ်ဝက်နီးပါးမှာ ဆင်းရဲနွမ်းပါးမှုဒဏ်ကိုခံစားရမည်ဟု ကုလသမဂ္ဂအနောက်အာရှဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်က ထုတ်ပြန်သည့်လေ့လာမှုအရ သိရသည်။

ဂါဇာဒေသတိုက်ပွဲများကြောင့် ပါလက်စတိုင်းအပေါ် စီးပွားရေးနှင့်လူမှုရေးအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး ဂျီဒီပီမှာလည်း ၈ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။ အဆိုပါပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကို ကိုယ်စားပြုသည်။

အကယ်၍ သုံးလဆက်တိုက် ပဋိပက္ခများဆက်လက်ဖြစ်ပွားပါက ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၄၅ ရာခိုင်နှုန်းအထိရှိလာမည်ဖြစ်ပြီး လူပေါင်း ၆၆၀၀၀၀ မှာလည်း ဆင်းရဲနွမ်းပါးမှုဒဏ်ကိုခံစားရမည်ဖြစ်သည်။

ဂျီဒီပီ ၁၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ဆုံးရှုံးနစ်နာမည်ဖြစ်သည်။ ပါလက်စတိုင်းတွင် တိုက်ပွဲများဖြစ်ပွားသည့်လအတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀ ရာခိုင်နှုန်း မြင့်မားနေပြီး ဂျီဒီပီမှာလည်း ၄ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းနေသည်ဟု ခန့်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် အလုပ်အကိုင် ၃၉၀၀၀၀ မှာလည်း ဆုံးရှုံးလျက်ရှိသည်။ အောက်တိုဘာ ၇ ရက်က ဟားမားစ်နှင့် အစ္စရေးတို့ ပဋိပက္ခများစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ဂါဇာဒေသမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသို့ ကျရောက်ခဲ့ရသည်။ ရေ၊ အစားအသောက်နှင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်လျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးစနစ်မှာလည်း ပြိုလဲလျက်ရှိသည်။



**ဆင်ဟွာ**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများ သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့်တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။


ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုကြ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ငပုတောမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၇၂ ဦး၊ ခွဲစိတ်ရောဂါ ၇၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၁၈ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၇၀၊ မျက်စိရောဂါ ၂၄၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက် လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ် လူနာ ၄၆ ဦး စုစုပေါင်း ၁၁၈၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ ကိုးဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်ပါ နယ်လှည့် အထူးကုဆေးအဖွဲ့က ဒေသခံများအား မျက်စိစမ်းသပ် ကုသပေးစဉ်။

အလားတူ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၃၉ ဦး၊ ခွဲစိတ်ရောဂါ ၆၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၇၇ ဦး၊ အရိုးရောဂါ ၁၆၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၃၃ ဦးနှင့် သွားရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၄ ဦး စုစုပေါင်း ၆၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) ပေါ်၌ နယ်လှည့် အထူးကုဆေးအဖွဲ့က ဒေသခံများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်-

**ဒေါ်အေးအေး၊ ကျွဲချိုင်ကျေးရွာ၊ ငရုတ်ကောင်းမြို့**



တပ်မတော်နယ်လှည့် ဆေးကုရေးအဖွဲ့က ဆေးလာကုမယ်လို့ ပြောတော့ ကျွန်မတို့က လှိုက်လှိုက်လှဲလှဲနဲ့ လာပြီးတော့ ဆေးကုသခံတာပါ။ မျက်စိကို သွားပြီး ပြတော့ ခွဲရမယ်လို့၊ ခြောက်သိန်း ခုနစ်သိန်းကျမယ်လို့ ပြောလို့ ကျွန်မမှာ ပိုက်ဆံကမရှိဘူး။ လယ်လုပ်မှ စားရတယ်ဆိုတော့ ကျွန်မမှာ အဆင်မပြေဘူး။ အဆင်မပြေတဲ့အတွက်ကြောင့် မခွဲဘဲ နေတော့ မျက်စိက ကိုက်တယ်။ မျက်ရည်တွေကျတယ်။ ယားတယ်။ ခေါင်းတွေပူတယ်။ ဒီလို ဆေးကုသတွေလာတော့ အလွန့်အလွန် ဝမ်းသာကြည်နူးမိပါတယ်။ ကျွန်မ ဒီကိုလာပြတာပါ။ ဆေးကုသရေးအဖွဲ့က ပြုံးပြုံးရွှင်ရွှင်နဲ့ကြိုဆိုကြတယ်။ ပိုက်ဆံမရှိတော့လည်း အဖေအမေလို အားကိုးမိတာပေါ့။ ဒီအဖွဲ့က ကောင်းပါတယ်။ အခမဲ့လည်း ဖြစ်သလို မိသားစုစိတ်ဓာတ်လည်း ရှိကြပါတယ်။ ကိုယ့်ဘက်က လည်း ဘာမှပြန်ပြီးမပေးနိုင်ဘူး။ ဘယ်လို လက်ဆောင်ပေးလိုက်ရမလဲမသိဘူး။ ကျွန်မကပေးချင်ပေမယ့် လယ်လုပ်နေရတော့ စားရေးသောက်ရေးတောင် အဆင်မပြေဘူး။ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က စေတနာ မေတ္တာတွေနဲ့ ဒီလိုလာရောက် ဆေးကုသပေးတဲ့အတွက် အလွန့်အလွန် ဝမ်းမြောက်ကြည်နူးမိပါတယ်။ နောက်နှစ် နောက်နှစ်တွေလည်း လာစေချင်တယ်။ ကုသပေးစေချင်တယ်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးခင်ဇော်၊ တလုတ်ကုန်းကျေးရွာ၊ မြန်အောင်မြို့**

ကျွန်တော် ခါးမကောင်းလို့ပါ။ ခါးက တော်တော်နာနေတာ တော်တော်ကြာပြီ။ အခုလို နယ်လှည့်ဆရာဝန်ကြီးတွေ ဒီကိုရောက်လာတော့ လာပြီးပြသခြင်း ဖြစ်ပါတယ်။ ပြသတဲ့လူတော်တော်များလည်းတွေ့ရပါတယ်။ ဝေဒနာသည်တွေက အေးအေးချမ်းချမ်းနဲ့ ပြသတာလည်း တွေ့ရပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ အခုလို တပ်မတော်က နယ်လှည့် ဆေးကုသရေးအဖွဲ့က လာရောက်ဆေးကုသပေးတာကတော့ အခမဲ့



ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမြို့နယ်ကို ဆေးကုသပေးတဲ့ ဆရာဝန်တွေအားလုံးကို အလွန့်အလွန်လည်း ကျေးဇူးတင်ပါတယ်။ လာရောက်ပြသကြတဲ့ သူတွေအားလုံးလည်း အားလုံး စိတ်ချမ်းသာကြပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းအားလုံးကလည်း ဝိုင်းဝန်းပြီးတော့ စောင့်ရှောက်ပေးပါတယ်။ မသိတဲ့နေရာကိုလည်း သိအောင် လိုက်ပြပေးပါတယ်။ ဘယ်လိုပြောရမှန်းတောင် မသိအောင်ဖြစ်နေပါတယ်။ ဝမ်းသာလွန်းအားကြီးလို့။ **သတင်းစဉ်**

## မြဝတီမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မြဝတီ နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မြဝတီ)နှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောသည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်များအနေဖြင့် လိမ္မာရေးခြားရှိစေရေး ဗဟုသုတများ လေ့လာမှတ်သားရမည်ဖြစ်ကြောင်း၊ ရဲအုပ်နိုင်ထွန်းက လူကုန်ကူးမှုဆိုင်ရာ ကာကွယ်သတိပြုရမည့်အချက်များ၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ခင်စန်းက သက်ငယ်မုဒိမ်း အကြောင်းနှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချစ်ရအောင်က ပလတ်စတစ် အိတ်သုံးစွဲမှု လျှော့ချရေးတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ကော့ကရိတ်မြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် ရန်ကုန်(မရမ်းကုန်းမြို့နယ်)၊ ကျိုက္ခမီမြို့နှင့် လောင်းလုံးမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



## လွယ်ဂျယ်မြို့၌ ရွှေတိဂုံပုံတူ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်

**လွယ်ဂျယ် နိုဝင်ဘာ ၁၀**
မိုးမောက်ခရိုင် လွယ်ဂျယ်မြို့နယ်ခွဲရှိ လွယ်ဟိုးကိုက်တောင်ပေါ်တွင် ဥဒ္ဒဏ်တော်အမြင့် ၃၆ ပေရှိ ရွှေတိဂုံပုံတူ စေတီတော်မြတ်ကြီးကို ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်က စတင်ပန္နက်တင်တည်ထားခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဤရွှေတိဂုံပုံတူ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် လွယ်ဟိုးကိုက်တောင်ပေါ် ကျောင်းဆရာတော် ဘဒ္ဒန္တဝါရိန္ဒ အမှူးပြု၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်း၊ နယ်မြေခံ တပ်မတော်အရာရှိများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ မတည်လှူဒါန်းငွေကျပ် ၁၁၉ သိန်း၊ ယွမ်ငွေ ၆၈၅၀ ဖြင့် စတင်တည်ထားခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်ထိ စေတီတော်ကြီးအတွက် မြို့လူထုနှင့် မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၂၆၈ သိန်း၊ ယွမ်ငွေ ၃၁၆၀၀၀ ရှိပြီ ဖြစ်ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

## လဟယ်မြို့နယ်၌ ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**လဟယ် နိုဝင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ ရက်က လဟယ်မြို့နယ် အံ့ပေါ်ကျေးရွာ အံ့ပေါ်လွင်ပြင်နှင့် တိုက်ရံလွင်ပြင်ရှိ ဆောင်းသီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အံ့ပေါ်ကျေးရွာ အံ့ပေါ်လွင်ပြင်တွင် ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့ ထုတ်ကွက် ရှစ်ဧက၊ မြေထောက်ပဲနှစ်ဧကနှင့် ခရမ်းချဉ်၊ ကြက်သွန်ပျိုးခင်းများ ပျိုးထောင်ထားရှိမှုနှင့် မိုးစပါး GW-11 မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧက ရိတ်သိမ်းမှုနှင့် ဆီမုန်ညင်း ၁၅ ဧက ဆက်လက်စိုက်ပျိုးမည့်အခြေအနေကို ကြည့်ရှုသည်။

ဆက်လက်၍ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အံ့ပေါ်ကျေးရွာ တောင်သူများနှင့် တွေ့ဆုံပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက ယခင်နှစ်ဆောင်းနေကြာ စိုက်ပျိုးအောင်မြင်မှုကြောင့် နေကြာဆီရရှိမှုအခြေအနေနှင့် ယခုနှစ်တွင် တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့သည်။ ဆက်လက်ပြီး အံ့ပေါ်အုပ်စု တိုက်ရံကျေးရွာတွင်ဆောင်းသီးနှံ နေကြာစိုက်ပျိုးရန် မြေရေးယာ ၃၅ ဧက စက်ယန္တရားဖြင့် ဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ယွန်း(မုံရွာ၊ ကိုယ်ပွား)**



## နယ်စပ်ဂိတ်များမှ ကုန်စည်များ စက်ရုံ၊ အလုပ်ရုံများသို့ အဆင်ပြေချောမွေ့စွာရောက်ရှိရေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၀**
နယ်စပ်ဂိတ်များမှ တင်သွင်းလာသည့်ကုန်စည်များ စက်ရုံ၊ အလုပ်ရုံများသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိရေး နှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အထည်ချုပ်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပသည်။

ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် ဦးဆောင်သော CMP အထည်ချုပ်လုပ်ငန်းရှင်များက နယ်စပ်ဂိတ်များမှတစ်ဆင့် တင်သွင်းလာသည့် ကုန်စည်များ စက်ရုံ၊ အလုပ်ရုံများသို့ အဆင်ပြေချောမွေ့စွာရောက်ရှိရေး၊ နယ်စပ်တွင် ကြန့်ကြာနေသော ကုန်စည်များ၏အခြေအနေများ၊ သယ်ယူပို့ဆောင်မှုလုပ်ငန်းစဉ်များ၊ သွင်းကုန်လိုင်စင်ကိစ္စရပ်များကို တင်ပြခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် CMP အထည်ချုပ်လုပ်ငန်းရှင်များ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

လတ်တလောတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် မြန်မာ-တရုတ်နယ်စပ်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ အခြားမည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲတင်ပို့ခွင့်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ပင်လယ်ရေကြောင်းမှ တင်ပို့လိုပါကလည်း ပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒက္ခိဏသီရိမြို့နယ် OIAC-2 ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက OIAC-2 ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က ကျောင်းသား ကျောင်းသူ လူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ နှုတ်စွမ်းရည်များ တိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဦးစီးအရာရှိဒေါ်စန္ဒာဝင်းနှင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## စဉ့်ကူးမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေး ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းများဆောင်ရွက်

**စဉ့်ကူး နိုဝင်ဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် 33 KV ဓာတ်အားလိုင်းတစ်လျှောက် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် မီးအားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၈ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရာတွင် စဉ့်ကူးမြို့နယ်အတွင်းရှိ 33 KV ဓာတ်အားလိုင်းတစ်လျှောက် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် မီးအားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ကြံ့ခိုင်ရေးဆောင်ရွက်မှုများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြိတ်မြို့နယ် ကျေးရွာလေးရွာတွင် ဆောင်းသီးနှံပဲမျိုးစုံတိုးချဲ့စိုက်ပျိုးမည်

**မြိတ် နိုဝင်ဘာ ၁၀**
မိုးစပါးရိတ်သိမ်းပြီးချိန် ဆောင်းသီးနှံအဖြစ် ပဲစိုက်ခြင်းအားဖြင့် တောင်သူများ ဝင်ငွေတိုးပွားရရှိစေရန် ရည်ရွယ်၍ မြိတ်မြို့နယ်အတွင်းရှိ ကျောက်ဖျာ၊ ကဘင်း၊ ဝန်ဖို့၊ သမုတ်ကျေးရွာလေးရွာတွင် ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း) ဧက ၅၀၀ ခန့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲ (မတ်ပဲ၊ ပဲတီစိမ်း) စိုက်ပျိုးနည်းပညာပေးသင်တန်းကို နိုဝင်ဘာ ၉ ရက်က မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာရှိ Ok ရတနာဆန်စက်တွင် ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အင်ကြင်းခိုင်က ဒေသခံတောင်သူများအနေဖြင့် မိုးစပါးရိတ်သိမ်းပြီးချိန်တွင် သီးထပ်စိုက်ပျိုးသည့်အတွက် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး စပါးအထွက်နှုန်း ပိုတိုးလာမည်ဖြစ်ကြောင်း ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ဒေသခံတောင်သူ ၂၉ ဦးတို့အား ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း) စိုက်ပျိုးနည်းပညာပေး သင်တန်းပို့ချသည်။

အဆိုပါ ပဲ (မတ်ပဲ၊ ပဲတီစိမ်း) စိုက်ပျိုးနိုင်ရန် တောင်သူများကို စိုက်ပျိုးရေးဦးဌာနမှ နည်းပညာပံ့ပိုးမည်ဖြစ်ပြီး Ok ရတနာ ဆန်စက်ပိုင်ရှင် ဦးထွေးဝေက ပဲမျိုးစေ့များထုတ်ပေးသွားမည့်အပြင် ထွက်ရှိလာသော ပဲများကို ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ မျက်စိဝေဒနာရှင်များအား တတိယအကြိမ် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး

**ရန်ကုန်  နိုဝင်ဘာ  ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အမှတ်-၁၀ ပင်လုံလမ်းရှိသီတဂူဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ရှစ်ထပ်ကျောင်းဆောင် သီတဂူစက္ခုဒါန အဆင့်မြင့်ဆေးရုံကြီး၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား တတိယအကြိမ်အဖြစ် အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆရာတော်ကြီး၏မိန့်ကြား လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆရာတော်ကြီး သီတင်းသုံးရာ သီတဂူဗုဒ္ဓတက္ကသိုလ်သို့ နိုဝင်ဘာ ၉ ရက်က သွားရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသ ပေးရာတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မျက်စိအထူးကုဆရာဝန်ကြီးများက စက္ခုဒါန ဆေးရုံတွင် တပ်ဆင်ထားသည့် ခေတ်မီစမ်းသပ်စစ်ဆေးသည့် စက်သစ်ကြီးများဖြင့် မျက်စိဝေဒနာ ခံစားနေရသောပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ပြသသော လူနာများအား လိုအပ်သော စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပေးပြီး ခွဲစိတ်ရန်မလိုသောလူနာများအား ဆေးများ အခမဲ့ကုသပေးနေမှု အခြေအနေများကိုကြည့်ရှု၍ မျက်စိဝေဒနာရှင်များကို အားပေးစကားပြောကြားသည်။



သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား တတိယအကြိမ်အဖြစ် နိုဝင်ဘာ ၇ ရက်မှစ၍ ၁၃ ရက်အထိ စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## အ.ထ.က(မိုင်းဆတ်)ကျောင်း၌ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ်  နိုဝင်ဘာ  ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ အထက(မိုင်းဆတ်) ကျောင်း အနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Clean and Green School အစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်ပညာရေးမှူးရုံး ပညာဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မီမီဟန်နှင့် အထက(မိုင်းဆတ်) ကျောင်းအုပ်ကြီး ဦးသောင်းအေးတို့က Clean and Green School အစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြိုင်ပွဲသတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့် တာဝန်ရှိသူများက ကျောင်းဝင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

## မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး အသိပညာပေး

**ပလက်ဝ  နိုဝင်ဘာ  ၁၀**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို မြို့မ အထက(၁) သဇင်ခန်းမ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်က လူငယ်နှင့် မူးယစ်ဆေးဝါး အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်းက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး သိကောင်းစရာများကိုလည်းကောင်း ဟောပြောပြီး ဟောပြောပွဲသို့ အထက(၁) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**



## မီးနီဖြတ်မောင်းသည့်ပြစ်မှုကို သုံးကြိမ်အထိ ကျူးလွန်ခဲ့ပါက YBS ယာဉ်မောင်းများအား ရာသက်ပန် ထုတ်ပယ်သည်အထိ အရေးယူမည်

**ရန်ကုန်  နိုဝင်ဘာ  ၁၀**

စည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေးပွဲ အမှတ်စဉ် (၁၉/၂၀၂၃)ကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လေးထောင့်ကန်လမ်းမကြီးပေါ်ရှိ YRTC ရုံးချုပ် သင်တန်းခန်းမ၌ နိုဝင်ဘာ ၉ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် YRTC ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက အကြီးမားဆုံးပြစ်မှုဖြစ်သည့် မီးနီဖြတ်မောင်းခြင်းကို ချိုးဖောက်ကြသည့် ယာဉ်မောင်းများအား ခေါ်ယူတွေ့ဆုံခြင်းဖြစ်ကြောင်း၊ YRTC ၏ အဓိက ရည်မှန်းချက်ကြီးဖြစ်သော ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ထွန်းလာရန် YBS စနစ်၏ အဓိကမောင်းနှင်အားဖြစ်သည့် ယာဉ်မောင်းကြီးများသည် ခရီးသည်များအား မိမိတို့၏ ကျေးဇူးရှင်များအဖြစ် လိုရာခရီးသို့ လုံခြုံဘေးကင်းစွာ ပို့ဆောင်ပေးကြရမည့် တာဝန်ရှိကြောင်း၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ မီးနီဖြတ်မောင်းသည့် ပြစ်မှုကိုကျူးလွန်ခဲ့ပါက YBS ယာဉ်လိုင်းကုမ္ပဏီမှ YRTC နှင့် ပူးပေါင်း၍ ချက်ချင်းရာသက်ပန် ထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ခရီးသည်များ ဘေးကင်းလုံခြုံရေးအတွက် ယာဉ်တိုက်မှုမဖြစ်ရအောင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် CCTV များ၊ Telematics စက်များ တပ်ဆင်၍ မှတ်တမ်းရယူ ဖမ်းဆီးအရေးယူနေကြောင်း၊ ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှု၊ တစ်စီးနှင့်တစ်စီး ယှဉ်ပြိုင်မောင်းနှင်မှုများ၊ မီးနီဖြတ်သန်းမောင်းနှင်မှုများကို Traffic Control Center မှ အချိန်နှင့် တစ်ပြေးညီ စောင့်ကြပ်၍ Video မှတ်တမ်းရယူထားပြီး အရေးယူခြင်းဖြစ်ကြောင်း၊ ခရီးသည်လုံခြုံမှုရှိစေရန်အတွက် ဘေးတံခါးဖွင့်မောင်းခြင်းများကိုလည်း တားမြစ်ထားကြောင်း၊ မှတ်သားဖမ်းဆီးခြင်း၊ လှည့်ကင်းချထားခြင်းတို့အတွက် လိုအပ်ပါက မှတ်တိုင်တစ်ခုစီတွင် တစ်ဦးစီ တာဝန်ချထားသွားမည်ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာသည့် ယာဉ်မောင်းများအနေဖြင့် သတိပြုဆင်ခြင်မောင်းနှင်ခြင်းဖြင့် ခရီးသွားလုပ်သားပြည်သူတို့ ထိခိုက်နစ်နာမှု လျော့ကျသွားပါက ဆွေးနွေးပွဲပြုလုပ်ရကျိုးနပ်မည်ဖြစ်ကြောင်း၊ မြို့တွင်းသယ်ယူပို့ဆောင်ရေးစနစ်ကြီး ပိုမိုကောင်းမွန်လာစေရန် YRTC နှင့်အတူ ယာဉ်မောင်းကြီးများက အတူတကွ ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုပါကြောင်းလည်း ဒုဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။



ဆက်လက်၍ YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က YBS ယာဉ်မောင်းများ သိသင့်သိထိုက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာဆွေးနွေးချက်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ယာဉ်မောင်းတစ်ယောက်ဖြစ်ရေး လုပ်ဆောင်ရန်အချက်များ၊ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်တိုင်းဒေသကြီး)မှ တာဝန်ရှိသူက ယာဉ်တိုက်မှုဖြစ်စဉ် ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ရာဇသတ်ကြီးပုဒ်မများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် YRTC ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မြင့်နွယ်က ဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်၍ လေးစားလိုက်နာသည့် ယာဉ်မောင်းကောင်းတစ်ယောက်ဖြစ်ရန်အချက်များကို ဆွေးနွေးခဲ့ပြီး စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှူး ဦးဝင်းနိုင်က ယာဉ်စည်းကမ်းဖောက်ဖျက်သည့် (မီးနီဖြတ်၊ မဆင်မခြင်မောင်း၊ သတ်မှတ်လမ်းကြောင်းမမောင်း၊ အရှိန်ပြင်းမောင်း) ယာဉ်မောင်းများကို ယာဉ်စည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များ အသေးစိတ်ရှင်းလင်းဆွေးနွေးကာ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာမေးခွန်းများ ဖြေဆိုစေခြင်း၊ ယာဉ်မောင်းများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## မောင်တောမြို့၌ ရေလုပ်သားများအား ရှေးဦးပြုစုစောင့်ရှောက်ခြင်း သင်ကြားပို့ချ

**မောင်တော  နိုဝင်ဘာ  ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်လျက်ရှိသော ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းတွင် တက်ရောက်လျက်ရှိသော ရေလုပ်သားများအား ရှေးဦးပြုစုစောင့်ရှောက်ရေးဘာသာရပ်ကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က နိုဝင်ဘာ ၉ ရက်တွင် ပို့ချပေးသည်။

မောင်တောမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်ဝင်းနိုင် ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းတွင် တက်ရောက်နေကြသော မြို့နယ်အတွင်းရှိ ရေလုပ်သားများအား ပင်လယ်မြစ်ချောင်းများအတွင်း ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက အသက်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရှေးဦးပြုစုခြင်းဘာသာရပ်ဖြစ်သော ထိခိုက်ဒဏ်ရာပြုစုစောင့်ရှောက်နည်း၊ ပတ်တီးစည်းနည်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်းစနစ်စသည်တို့ကို စာတွေ့၊ လက်တွေ့ စနစ်တကျ ပို့ချပေးခဲ့ခြင်းဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရန် SOP ရေးဆွဲပြီးဖြစ်

**မော်လမြိုင် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ နိုဝင်ဘာ ၈ ရက်က ပြုလုပ်သည်။



အစည်းအဝေးတွင် ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အကောင်အထည်ဖော်မည့် Standard Operating Procedure (SOP) ကိုလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများကို သုံးစွဲရာတွင် မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီများသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများအတွက် အဆိုပြုထုတ်ချေးငွေအပေါ် လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရမည့်အပြင် လုပ်ငန်းဆောင်ရွက်မှု အားနည်းပါက အမှန်တကယ်လုပ်ဆောင်ရန် တိုက်တွန်းခြင်း၊ လုပ်ဆောင်ခြင်းမရှိပါက ခေါ်ယူသတိပေးခြင်းဖြင့် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းအပေါ် သက်ဆိုင်ရာဌာနများသည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်ဖြစ်ပြီး စာရင်းစစ်ဆေးမှုခံနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိကြရမည်ဖြစ်ကြောင်း၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုသည့်လုပ်ငန်းများကို ဦးစားပေးကဏ္ဍအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ရန်ပုံငွေသုံးစွဲရာတွင် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းများဖြစ်ရန်လိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးက မွန်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ချေးထားမှုအခြေအနေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သက်နိုင်(မော်လမြိုင်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများပြုလုပ်

**လူငယ်များ အသိပညာဗဟုသုတများရရှိစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ပြုလုပ်လျက်ရှိကြောင်း သိရသည်။**

### ကျောက်တော်

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ လူငယ်နှင့်ဆိုရှယ်မီဒီယာ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို နိုဝင်ဘာ ၈ ရက်က ပြုလုပ်သည်။ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်စန္ဒာထွန်းက ဆိုရှယ်မီဒီယာအကြောင်း၊ မြန်မာနိုင်ငံတွင် လူသုံးအများဆုံး ဆိုရှယ်မီဒီယာများ ဖြစ်သည့် Facebook၊ Telegram၊ Instagram၊ You Tube နှင့် Tik Tok စသည်တို့အကြောင်း၊ ခေတ်ပုံကျွမ်းကျင်-၂ ဦးခင်မောင်ထွန်းက ဆိုရှယ်မီဒီယာသုံးခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများ၊ လူငယ်များအနေဖြင့် ဆိုရှယ်မီဒီယာကို အသိပညာဗဟုသုတရှာဖွေရန်၊ အသက်မွေးဝမ်းကျောင်းပညာရှာဖွေရန်၊ စာတမ်းပြုစုရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေရန် အသုံးပြုသင့်ကြောင်း၊ ဆိုရှယ်မီဒီယာကို သုံးစွဲတတ်လျှင် ကောင်းကျိုးများရရှိပြီး မသုံးစွဲတတ်လျှင် အန္တရာယ်ဖြစ်နိုင်ကြောင်း စသည့်အကြောင်းအရာများအပြန် အလှန်ဆွေးနွေးခဲ့ကြသည်။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူသို့ အသိပညာပေးဝန်ဆောင်မှု လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန် /ဆက်)**






### တပ်ကုန်း

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းက လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်၍ ရှောက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့်ဂိမ်းကစားခြင်း၊ မျိုးဆက်သစ်လူငယ်များ၏ တာဝန်၊ လူငယ်နှင့် စည်းကမ်း ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

**တင်စိုးလွင်**

### ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ အလက(ခွဲ)သက္ကယ်ကျွန်းကျောင်း၌ နိုဝင်ဘာ ၇ ရက်က ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် တာဝန်ရှိသူများက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူငယ်နှင့် ခေါင်းဆောင်မှုအကြောင်း သိကောင်းစရာများ၊ ကျောင်းသား ကျောင်းသူများအားကစားကို စိတ်ပါဝင်စားလာစေရန် အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအကြောင်းအရာများ၊ စားသုံးရန်မသင့်သည့် အစားအစာများအကြောင်း စသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

**ဝေယံ(ပြန်/ဆက်)**

### ဒေးဒရဲ

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မငေးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ နိုဝင်ဘာ ၉ ရက်က ကျင်းပသည့် လူငယ်အသိပညာပေးဟောပြောပွဲတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်ကျော်ထူးက ဟောပြောပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးကောင်းသူက အားကစားပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများနှင့် မီးသတ်ဦးစီးဌာန (ကျုံသင်ကျေးရွာ)စခန်းမှ ဦးစီးအရာရှိ ဦးသက်ဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကိုလည်း ဟောပြောခဲ့သည်။

**အေဇာလင်း**

## ဟိုပုံးမြို့နယ်၌ မိုးစပါးစံပြကွက်စိုက်ခင်းများ စတင်ရိတ်သိမ်း

**ဟိုပုံး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၈ ရက်က ဟိုပုံးမြို့ မြို့မအုပ်စု လေးအိမ်ကုန်းရွာမကွင်းရှိ တောင်သူတစ်ဦး၏ စံပြကွက်၌ ဆောင်ရွက်ရာ ရွှေရင်အေးအထွက်ကောင်းမျိုးစပါး တစ်ကေလျှင် စပါးအခြောက် ၁၂၀ ဒသမ ၈၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးတို့က ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ရွှေရင်အေး အထွက်ကောင်းမျိုးသန့်မိုးစပါး စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းစားသုံးမှုဖူလုံရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေး၊ တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြစိုက်ခင်းများသို့ တစ်ကေလျှင် MPE ပုလဲမြေဩဇာ တစ်ပိဿာနှုန်း အခမဲ့ထောက်ပံ့ပေးအပ်ထားကာ စိုက်ပျိုးရေးဦးစီးဌာနက အကျိုးဆောင်တောင်သူများနှင့်ပူးပေါင်း၍ စံပြစိုက်ခင်းများဖော်ဆောင်ပြီး သီးနှံအောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို တောင်သူများအား လက်တွေ့ပြသ၍ နည်းပညာပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Rose Kyi Zin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ ကြည်ဇင်လှိုင်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ "Sparrow" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ ဇော်မိုးဦးအား ည ၉ နာရီ မိနစ် ၂၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နိုဝင်ဘာ ၁၀ ရက်က ခရိုင်/မြို့နယ် ဌာနဆိုင်ရာရုံးများ၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရန်နှင့် လေကောင်းလေသန့် ရရှိစေရန်အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၂၁ | ၁၀၆၄၈၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၅ | ၁၀၃၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၂၂၆ | ၃၆၁၆၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| EFR | ၂၀၅၀ | ၂၀၅၀ | ၅ | ၁၀၂၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၁၆၆ | ၂၉၁၄၀၀ |

ညီညီ - စုစည်းသည်

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် နေ (ဘ) ဦးကြီးရွှေ၏သမီး ကျွန်မ မဇာဇာဝင်း ၇/ဖမန(နိုင်)၁၃၀၀၉၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၂၈၇၆၉၈၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံတွဲမြို့နယ်၊ အမက (စပါးကြီး) ကျောင်းအုပ်ဆရာကြီး ဦးဖိုးတုတ် နှင့် ဦးသန်းဇော် ၁၁/သတန(နိုင်)၀၄၀၉၆၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးတုတ်(ခ)ဦးသန်းဇော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၁-၂၀၂၃ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃) ဒေါ်သူဇာကျော် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၆)၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် ဦးဇော်ဝင်းထွန်း ၁၁/ပဏက(နိုင်)၀၅၆၁၆၂ အား ၁၁/ပဏတ(နိုင်)၀၅၆၁၆၂ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)ကျိုက်မရော Grade-11မှ မနှင်းနန္ဒာချစ် နှင့် Grade-8 မှ မောင်ကျော်လင်းဦး တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၁၀/ကမရ(နိုင်) ၀၃၅၁၀၆ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/99495 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်မြင့် ၇/ထတပ(နိုင်)၀၅၄၈၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၊ မြို့မရပ်ကွက်၊ ၄လမ်းနေ ဦးဝေလွင်ဦး (ဘ)ဦးကျင်စိန် ၇/လပတ(နိုင်)၀၀၆၆၈၁ မှ လက်ပံတန်းမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ် (၆)၊ လက်ပံတန်းတောင်ရပ်၊ ဦးပိုင်အမှတ် ၁၀၃က၊ ဧရိယာ ၀.၀၇၀ ဧကရှိ မြို့မြေအား မြေငှားဂရန်သစ် လျှောက်ထားခြင်းကို ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေလွင်ဦး**
**(၄)လမ်း၊ မြို့မရပ်ကွက်**
**ဖုန်း-၀၉-၉၆၄၇၁၈၈၄၅**

## စာအုပ်စာပေ လှူမိတ်ဆွေ

## နိုင်ငံပိုင် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် လက်ဝယ်ရှိ မြေနှင့် အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက် စုစုပေါင်း(၂၄)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ဝယ်ယူလိုသော Lot No. တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာ တစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာ နှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၁၁-၂၀၂၃ ရက်နေ့မှ ၂၈-၁၁-၂၀၂၃ ရက်နေ့အထိ
နေရာ - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေး နှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်)
စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်း ဖော်ပြပေးပါမည်။

၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်**
P.O Cheque တင်ပြရမည့်ရက် - ၂၉-၁၁-၂၀၂၃၊ ၃၀-၁၁-၂၀၂၃၊ ၁-၁၂-၂၀၂၃
တင်ဒါ တင်သွင်းရမည့်ရက် - ၄-၁၂-၂၀၂၃
- Lot No. (၁) မှ (၂၄) အထိ နံနက်(၁၀:၀၀) နာရီမှစ၍ အစဉ်လိုက် လက်ခံပါမည်။
နေရာ - ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ ဝယ်ယူလိုသည့် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ကြော်ငြာသည့် နေ့မှစ၍ သွားရောက် ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာ တင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့် မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များအား ကြည့်ရှုစစ်ဆေးပြီး ဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲ တင်ပြရပါမည်။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၆၃၃၉ နှင့် ၀၆၇-၄၀၆၁၃၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ website https:// www.mopf.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No. | မြေနှင့်အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက် (အကျယ်အဝန်း) |
|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်းနှင့် စည်ပင်သာယာလမ်းထောင့်၊ ဦးပိုင်အမှတ်(၅၂)ရှိ မြေ(၀.၀၈၃)ဧကနှင့် အဆောက်အဦ |
| ၂ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ထွယ်ဆန်နယ်မြေ၊ ဦးပိုင်အမှတ် (၃၆၀/၁+၃၆၀/၃)ရှိ မြေ(၀.၅၁၀)ဧကနှင့်အဆောက်အဦ |
| ၃ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အနော်ရထာလမ်း၊ ဦးပိုင်အမှတ် (၇+၁၀/ ၁)နှင့် ဦးပိုင်အမှတ်(၇+၁၀/၂)ရှိ မြေကွက်(၂)ကွက်တွဲ မြေ(၀.၁၆၅)ဧက နှင့် အဆောက်အဦ |
| ၄ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့၊ကန်တော်ရပ်ကွက်၊ မင်းလမ်း၊ အကွက်အမှတ်/အမည် -TL(၁၀)၊ ဘိုးဘုံမြောက်ရပ်၊ ဦးပိုင်အမှတ်-၉/၂ ရှိ မြေ(၀.၀၄၁)ဧကမြေကွက် |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ကိုးသောင်းတိုးချဲ့(၂)၊ ဦးပိုင်အမှတ်(၁၉၇)ရှိ မြေ(၀.၀၈၉)ဧကမြေကွက် |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ နယ်မြေ(၂၀)၊ မင်းကြီးညို(၆)လမ်း၊ မြေတိုင်းရပ်ကွက်(၇/၄)၊ မြေကွက်အမှတ်(၄၃၀/၄၃၂)ရှိ မြေ(၀.၁၁)ဧကမြေကွက် |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ သိပ္ပံလမ်း၊ (၆၈ x ၆၉) လမ်းကြား၊ အကွက်အမှတ်(ခ-၁၀)၊ ဦးပိုင်အမှတ် (၁-က၊ ခ၊ ဃ၊ င၊ စ၊ ဓ၊ ဈ)၊ (၂-က၊ ခ၊ ဃ၊ င)၊ (၃-က၊ ခ၊ ဃ)၊ စုစုပေါင်းမြေ(၂.၃၃၉၅)ဧကရှိ မြေကွက် |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီ (၇၃)လမ်း၊ (၂၉ x ၃၀)လမ်းကြား၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၄၂၊ ၄၃၊ ၄၄)ရှိ မြေ(၀.၀၉၃၇)ဧကနှင့် အဆောက်အဦ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ချယ်ရီလမ်း၊ ဦးပိုင်အမှတ် (၁၀၃-ခ)၊ (၉၆-ဘီ)ရှိ မြေ(၀.၃၄၄)ဧကနှင့် အဆောက်အဦ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အောင်ရတနာလမ်း၊(၆၇x၆၈)လမ်းကြား၊သိပ္ပံလမ်းနှင့်မိုးသောက်ပန်းလမ်းကြား၊ အကွက်အမှတ်(မ-၂၄)၊ ဦးပိုင်အမှတ် (၁-ဟ)ရှိ မြေ(၀.၃၀၃၇)ဧကမြေကွက် |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (၆၄ x ၆၅)လမ်းကြား၊ စံပယ်လမ်းနှင့် ခွာညိုလမ်းကြား၊ အမှတ်(ဏ-၆/၄၅)ရှိ မြေ(၀.၀၅၅၁)ဧကနှင့် အဆောက်အဦ |
| ၁၂ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ဦးပိုင်အမှတ်(၂၇၈)၊ အကွက်အမှတ်(၁၂-ခ)၊ မေခလမ်း၊ အမှတ်(၂၆)ရှိ မြေ(၀.၀၄၁)ဧကနှင့်အဆောက်အဦ |
| ၁၃ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ၊ အမှတ်(၁/၆၀၅)၊ မြို့မ(၁) ရပ်ကွက်၊ ဘုရားလမ်း၊ ဦးပိုင်အမှတ်(၁၀/၂)ရှိ မြေ(၀.၀၄)ဧကနှင့်အဆောက်အဦ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၁)၊ ရတနာမွန်အိမ်ရာ၊ ရတနာလမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်အနီး၊ အိမ်အမှတ် (၆၁/ရတနာ ၁၁)ရှိ မြေ(၀.၂၂၉) ဧကနှင့်အဆောက်အဦ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၁/ခ-၆)ရှိ မြေ(၀.၁၇၃)ဧကနှင့်အဆောက်အဦ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံရိပ်မွန်အိမ်ရာ၊ (Rose Part 3)၊ အမှတ်(၁၁၂ ဘီ ၃)ရှိ မြေ(၀.၁၅၉)ဧကနှင့် အဆောက်အဦ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lot. 19-A Jasmine Place မြေ(၀.၁၇၂)ဧကနှင့် အဆောက်အဦ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၈၀)၊ (၅၄' x ၂၀') = (၁၀၈၀) စ/ပေရှိ မြေညီထပ်တိုက်ခန်း |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ စွယ်တော်ရပ်ကွက်၊ စွယ်တော်စီးတီးအိမ်ရာ၊ အဆောက်အဦအမှတ်(B)၊ အခန်းအမှတ်(၃၀၄)၊ (၁၂၆၀)စ/ပေရှိ တိုက်ခန်း |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အတ္တရကျေးရွာ၊ ကွင်းအမှတ်(၅၀၇/ဘီ)၊ အတ္တရ တောင်ကွင်း၊ ဦးပိုင်အမှတ်(၁၃/၆)ရှိ မြေ(၈.၂၁)ဧကမြေကွက် |
| ၂၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံအိမ်ရာစီမံကိန်း၊ ခရေ(၈)လမ်း နှင့် ခရေ(၁၀)လမ်းထောင့်၊ အမှတ်(၁၁၈)ရှိ မြေ(၀.၁၄၃)ဧကမြေကွက် |
| ၂၂ | ရှမ်းပြည်နယ်၊တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ လွန်းကျိုင်းရွာ၊ လွန်းကျိုင်းကွင်း၊ ကွင်းအမှတ်(၂၃)ရှိ မြေ(၀.၇၀)ဧကနှင့်အဆောက်အဦ |
| ၂၃ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ပါခုတ်နိုရွာအနီး၊ ကွင်းအမှတ်(၁၆၇)၊ ဖောခိတစ်ထောင်ကွင်း၊ ဦးပိုင်အမှတ်(၂၂)၊ မြေ(၁၈.၇၃)ဧကနှင့်အဆောက်အဦ |
| ၂၄ | ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ မိုးကောင်းရပ်၊ ညောင်ပင်ထောင်ရပ်ကွက်၊ ဈေးအနီး၊ ကွင်းအမှတ် (၂၇ လွယ်မယ်အနောက်)၊ ဦးပိုင်အမှတ်(၆/၁၀)၊ မြေကွက်အမှတ် (၂၂)ရှိ မြေ(၀.၁၈၆)ဧကမြေကွက် |

## ထားဝယ်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန လက်မှတ်ရလုပ်ငန်းသုံးအခြေခံစီးပွားရေးပညာသင်တန်း Certificate in Business Studies (CBS) နှင့် အစားအသောက်ဆိုင်ရာသိပ္ပံနှင့်နည်းပညာလက်မှတ် (Certificate in Food Science & Technology) (CFST) အမှတ်စဉ် (၁/၂၀၂၃)သင်တန်း လျှောက်လွှာခေါ်ယူခြင်း

ထားဝယ်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် စီးပွားရေးပညာဌာနတွင် လက်မှတ်ရလုပ်ငန်းသုံးအခြေခံစီးပွားရေးပညာသင်တန်း Certificate in Business Studies (CBS) နှင့် ဓာတုဗေဒဌာနတွင်အစားအသောက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာလက်မှတ် (Certificate in Food Science & Technology) (CFST)အမှတ်စဉ်(၁/၂၀၂၃)သင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

၁။ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရပါမည်။
၂။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း အထောက်အထား ပြရမည်။
၃။ သင်တန်းကာလ - (၃)လ (၁၁-၁၂-၂၀၂၃)မှ(၁၁-၃-၂၀၂၄)ထိ
၄။ သင်တန်းချိန် - တနင်္လာနေ့မှ သောကြာနေ့ (နံနက် ၇:၀၀နာရီမှ ၉:၀၀နာရီ)
၅။ လျှောက်လွှာ တင်သွင်းမည့်နေ့ရက် - ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့)
လျှောက်လွှာ တင်သွင်းမည့်နေရာ - သင်တန်းရေးရာဌာန၊ ထားဝယ်တက္ကသိုလ်
၆။ လျှောက်လွှာပိတ်မည့်နေ့ရက် - ၃၀-၁၁-၂၀၂၃ (ကြာသပတေးနေ့)
၇။ သင်တန်းစတင်ဖွင့်မည့်ရက် - ၁၁-၁၂-၂၀၂၃ (တနင်္လာနေ့)
၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ထားဝယ်တက္ကသိုလ်၊ စီးပွားရေးပညာဌာန (ဖုန်း၀၉-၉၆၆၆၉၃၃၃၁) နှင့် ဓာတုဗေဒဌာန (ဖုန်း -၀၉-၆၈၅၇၇၇၂၀၀) များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ထားဝယ်တက္ကသိုလ်**

## ထားဝယ်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန စီးပွားရေးပညာဒီပလိုမာ(Diploma in Business Law) (DBL) နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပထဝီဝင်ဘွဲ့လွန်ဒီပလိုမာဘွဲ့ (Post-graduate Diploma in Geography of Tourism) (PGDGT) အမှတ်စဉ် (၁/၂၀၂၃)သင်တန်း လျှောက်လွှာခေါ်ယူခြင်း

ထားဝယ်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဥပဒေပညာဌာနတွင် စီးပွားရေးဥပဒေပညာဒီပလိုမာ (Diploma in Business Law)(DBL)နှင့် ပထဝီဝင်ဌာနတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ ပထဝီဝင်ဘွဲ့လွန်ဒီပလိုမာဘွဲ့ (Post-graduate Diploma in Geography of Tourism) အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

၁။ တက္ကသိုလ်/ဒီဂရီကောလိပ် တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
၂။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း အထောက်အထားပြရမည်။
၃။ သင်တန်းကာလ - (၉) လ
**ပထမနှစ်ဝက်**
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ (၂၀၂၄ ခုနှစ်၊ ဧပြီလ)
**ဒုတိယနှစ်ဝက်**
(၂၀၂၄ ခုနှစ်၊ ဇွန်လမှ (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ)
၄။ သင်တန်းချိန် - တနင်္လာနေ့မှ သောကြာနေ့ (နံနက်၇:၀၀နာရီမှ ၉:၀၀နာရီ)
၅။ လျှောက်လွှာတင်သွင်းမည့်နေ့ရက် - ၁၆-၁၁-၂၀၂၃(ကြာသပတေးနေ့)
လျှောက်လွှာတင်သွင်းမည့်နေရာ - သင်တန်းရေးရာဌာန၊ ထားဝယ်တက္ကသိုလ်
၆။ လျှောက်လွှာပိတ်မည့်နေ့ရက် - ၃၀-၁၁-၂၀၂၃(ကြာသပတေးနေ့)
၇။ လူတွေ့စစ်ဆေးမည့်နေ့ - ၁-၁၂-၂၀၂၃ (သောကြာနေ့)
၈။ ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်နေ့ရက် - ၁-၁၂-၂၀၂၃(သောကြာနေ့)
၉။ သင်တန်းစတင်ဖွင့်မည့်ရက် - ၁-၁၂-၂၀၂၃ (သောကြာနေ့)
၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ထားဝယ်တက္ကသိုလ် ပထဝီဝင်ဌာန (ဖုန်း၀၉-၇၉၅၆၈၆၅၁၆) နှင့် ဥပဒေပညာဌာန (ဖုန်း ၀၉-၇၈၅၀၃၁၂၁၈) များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ထားဝယ်တက္ကသိုလ်**

